# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင် ၁၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၈၅)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# သီးနှံများကို တန်ဖိုးမြှင့်ထုတ်ကုန်အဆင့်အထိ ထုတ်လုပ် တွက်ခြေကိုက်သည့် ဈေးနှုန်းမြင့်ဈေးကွက်ရရှိအောင် ဆောင်ရွက်

**ရှင်းလင်းမှာကြား**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးထားသည့် အထူးအထွက်တိုးစပါး တောင်သူပညာပေး ဧက ၂၀ စိုက်ခင်း၌ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်မှ တောင်သူများအား ရှင်းလင်းမှာကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးထားသည့် အထူးအထွက်တိုးစပါး တောင်သူပညာပေး ဧက ၂၀ စိုက်ခင်း၌ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်မှ တောင်သူများအား တွေ့ဆုံ၍ အထူးအထွက်တိုး မျိုးကောင်းမျိုးသန့်များ ပြောင်းလဲအသုံးပြုရန်၊ ခေတ်မီ သိပ္ပံနည်းကျ စိုက်နည်းစနစ်အား အသုံးပြုရန်၊ သွင်းအားစု၊ စိုက်ပျိုးရေ အပါအဝင် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများနှင့် ပိုးမွှားရောဂါကာကွယ်ဆေးများကို အချိန်ကိုက်၊ အချိုးကျ ထိရောက်မှန်ကန်စွာ သုံးစွဲရန်၊ ထွက်ရှိလာသည့် သီးနှံများ တန်ဖိုးမြှင့်ထုတ်ကုန်အဆင့်အထိ ထုတ်လုပ်ပြီး တွက်ခြေကိုက်သည့် ဈေးနှုန်းမြင့်ဈေးကွက်ရရှိ ခိုင်မာအောင် ဆောင်ရွက်ရမည့် နည်းလမ်းများကို လက်တွေ့ကျကျ ထိထိရောက်ရောက် ဆောင်ရွက်ကြရန် ရှင်းလင်းမှာကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် တာဝန်ရှိသူများက ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (၁၄)ချက်၊ သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်းမှ ရရှိနိုင်မည့် အကျိုးကျေးဇူးများနှင့် လယ်ယာမြေဖော်ထုတ်ရေးနှင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ရွှေသံလွင်ကုမ္ပဏီဉက္ကဋ္ဌ ဦးကျော်ဝင်းက မီဒီယာနည်းဖြင့် တောင်သူများအား ပညာပေးလုပ်ငန်း ဆောင်ရွက်သွားမည့် အစီအစဉ်နှင့် စံပြလယ်ယာစိုက်ခင်းများ ထူထောင်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက တောင်သူများအား တစ်ဧကတင်း ၅၀-၆၀ ထွက်ရှိနိုင်သည့် အထူးအထွက်တိုး နေကြာစိုက်ခင်း၊ တစ်ဧကတန် ၆၀ ထွက်ရှိမည့် အထူးအထွက်တိုး ကြံစိုက်ခင်းနှင့် စိုက်ပျိုးရေးနှင့်တွဲဖက်မွေးမြူထားရှိသည့် မွေးမြူရေးခြံများကို လိုက်လံရှင်းလင်းပြသကြသည်။ **(သတင်းစဉ်)**

**သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် သထုံမြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ သစ်သီးဝလံစိုက်ပျိုးသူများ၊ သမဝါယမအသင်းစု အသင်းသားများ၊ ကျေးလက်သမဝါယမလုပ်ငန်းများတွင် စိတ်ပါဝင်စားသူများအား တွေ့ဆုံရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)**

# မွန်ပြည်နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၆

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီဝင် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဒေါက်တာစိန်လှဗိုလ်၊ ဗဟိုသမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌနှင့် သမဝါယမဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အင်ကပို ကျွဲကောအထူးပြု သီးနှံစုံစိုက်ပျိုးခြံသို့ သွားရောက်လေ့လာခဲ့ပြီး ကျိုက်ထိုမြို့ သမဝါယမအသင်းစုချုပ်ရုံး၌ နှစ်ရှည်သီးနှံစုံ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ဥယျာဉ်ခြံ သစ်သီးဝလံစိုက်ပျိုးလုပ်ကိုင်သူများ၊ သမဝါယမအသင်းစု၊ အသင်းများ၊ သမဝါယမလုပ်ဖော်ကိုင်ဖက် မိတ်ဆွေများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စား ငွေစုငွေချေးအသင်းများ ဖွဲ့စည်းဆောင်ရွက်နေမှုများနှင့် သမဝါယမဝန်ကြီးဌာနက ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူက လည်းကောင်း၊ လယ်ယာသီးနှံ၊ နှစ်ရှည်သီးနှံနှင့်

*စာမျက်နှာ ၉ ကော်လံ ၅* ❍

**မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ**

ပဉ္စမ အကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက် ယှဉ်ပြိုင်။ (စာ - ၁၀)

သဘာဝရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်ပွဲ စဉ့်ကိုင်မြို့နယ်တွင် ကျင်းပ။ (စာ - ၆)

ဟောလိဝုဒ် ရုပ်ရှင်မင်းသမီး ကီအီရာနိုက်လေ၏ ဘဝပုံရိပ်။ (စာ - ၁၁)

ဆက်သွယ်ရေးဂြိုဟ်တုသစ် အိန္ဒိယလွှတ်တင်။ (စာ - ၁၁)



မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇူလိုင် ၁၇ ရက်)

# စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စက်မှုအတတ်ပညာရှင်များ လက်တွဲပါဝင်

နိုင်ငံတော်အစိုးရသည် စက်မှုနိုင်ငံထူထောင်ရေးအတွက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ ယခုအခါ နိုင်ငံတစ်ဝန်း စက်မှုနယ်မြေများ၊ စက်မှုဇုန်များ တည်ထောင်လျက် နိုင်ငံတော်ပိုင်စက်ရုံအလုပ်ရုံများသာမက ပုဂ္ဂလိကစက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးကိုပါ အားပေးလုပ်ကိုင်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍကိုကြည့်လျှင် အနောက်နိုင်ငံအချို့ထက် ခေတ်နောက်ကျသည်ဟု ဆိုနိုင်သော်လည်း မြန်မာမင်းများလက်ထက်က အိမ်နီးချင်းနိုင်ငံများထက် မနိမ့်ကျခဲ့ပေ။ ရတနာပုံခေတ်တွင် သံရည်ကျိုစက်၊ ပန်းပဲစက်ရုံ၊ ဒင်္ဂါးစက်ရုံ၊ မဲနယ်စက်ရုံ၊ ရေနံချက်စက်ရုံ၊ အမြောက်သေနတ်စက်ရုံ၊ ကန့်ချက်စက်ရုံစသည့် စက်ရုံကြီးများရှိခဲ့သည်။ လွှစက်၊ ဆန်စက်၊ သကြားစက်၊ ရက်ကန်းစက်များလည်း ပေါ်ထွန်းနေပြီဖြစ်သည်။ မြန်မာနိုင်ငံကို နယ်ချဲ့တို့သိမ်းပိုက်ပြီးနောက် ရတနာပုံခေတ်စက်ရုံများ သံတိုသံစ ဘဝရောက်ခဲ့ရပြီး စက်မှုလုပ်ငန်း တစ်စခန်းရပ်သွားခဲ့ရခြင်းဖြစ်သည်။

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးသည် အရေးပါလျက်ရှိရာ နိုင်ငံတော်အစိုးရသည် စက်မှုဆိုင်ရာအတတ်ပညာရှင်များ ပေါ်ထွန်းရေးအတွက် နည်းပညာတက္ကသိုလ်များကို တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် ဖွင့်လှစ်၍ ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ စက်မှုသင်တန်းကျောင်း (ဆင်တဲ)၊ စက်မှုသင်တန်းကျောင်း (မန္တလေး)၊ စက်မှုသင်တန်းကျောင်း (သာဂရ)၊ စက်မှုသင်တန်းကျောင်း (ပခုက္ကူ)တို့၌လည်း စက်မှုအတတ်ပညာရှင်များကို သင်ကြားမွေးထုတ်ပေးလျက်ရှိသည်။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် စက်မှုဇုန်များ ထူထောင်ပေးပြီး နိုင်ငံတော်မှ အားပေးလျက်ရှိခဲ့ရာ ယနေ့အထိ စက်မှုဇုန် ၁၈ ဇုန် ထူထောင်ပေးနိုင်ခဲ့သည်။ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှသာ နည်းပညာနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ဆင်းရဲမှုလျှော့နည်းစေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်သည်။ အလုပ်အကိုင် အခွင့်အလမ်းများနှင့် တိုင်းပြည်ဝင်ငွေလည်း တိုးတက်လာမည်ဖြစ်သည်။

စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ၌ နိုင်ငံပိုင် စက်ရုံများသာမက ပုဂ္ဂလိကစက်ရုံများကိုပါ အားပေးလျက်ရှိရာ မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍသည် နိုင်ငံတော်အစိုးရ၏ အားပေးကူညီမှု၊ စက်မှုအတတ်ပညာရှင်များ၊ စက်မှုလုပ်ငန်းရှင်များ၏ ဝိုင်းဝန်းပါဝင်မှုဖြင့် စက်မှုနိုင်ငံတော်ကြီးကို ထူထောင်နိုင်မည်ဟု ယုံကြည်မိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဘီးလင်းမြို့နယ်၌ ဆည်အတွင်းငါးမျိုးစိုက်ထည့်

**ဘီးလင်း ဇူလိုင် ၁၆**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကျေးလက်နေပြည်သူများ ငါးစားသုံးမှု ပိုမိုလာစေရေးနှင့် ငါးသယံဇာတတိုးပွားရေး ရည်ရွယ်၍ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီက ဘီးလင်းမြို့နယ် ကဇိုင်းကျေးရွာ ကဇိုင်းဆည်အနီး ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါက်တာ ညွန့်ဝေ၊ ခရိုင်ဦးစီးမှူး ဦးခင်မောင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းဝင်း နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြူလီနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက ငါးမြစ်ချင်း၊ ရွှေဝါငါးသန်ကောင်ရေ ၂၀၀၀၀ ကို မျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြို့နယ်ငါးလုပ်ငန်းဦးစီး)**

## ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာ့နုဂ္ဂဟအသင်း သန်လျင်မြို့နယ်သို့ ဇူလိုင် ၉ ရက်က ဦးမြင့်ဦး (နေလဆောက်လုပ်ရေး) မိသားစုက အလှူငွေကျပ် နှစ်သိန်း ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးရွှေဝင်း လက်ခံယူစဉ်။ (ဝ၄၉)

## ပညာသင်စရိတ်နှင့် ကျောင်းသုံးစာအုပ် သထုံခရိုင်၌ ထောက်ပံ့ပေးအပ်

**သထုံ ဇူလိုင် ၁၆**

မွန်ပြည်နယ် သထုံခရိုင်ရဲတပ်ဖွဲ့၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်ပညာသင်စရိတ်၊ ကျောင်းသုံးစာအုပ်နှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၅ ရက်က သထုံခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး ဖေသန်းက တက္ကသိုလ်အဆင့်၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၈ ဦးအတွက် ပညာသင်စရိတ် ထောက်ပံ့ကြေး၊ ကျောင်းသုံးဗလာစာအုပ်နှင့် ကျောင်းဝတ်စုံများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

မအူပင်မြို့နယ် မြို့ဝင်လမ်းဖြစ်သော ဘုရားလမ်းဆုံတွင် ကျောက်စီနံရံနှင့် မြေယာရှုခင်းအလှပြုပြင်ခြင်းလုပ်ငန်းကို ဇူလိုင် ၄ ရက်က အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုး၊ တာဝန်ခံအင်ဂျင်နီယာဦးအောင်ကျော်ဦးနှင့် အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

## မင်းဘူး၌ မြေနီလမ်းခင်း

**မင်းဘူး ဇူလိုင် ၁၆**

မင်းဘူးမြို့နယ် ကျောက်တန်း-ကျွန်းပြားလမ်း မြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၅ ရက်က မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့်ဒုတိယအင်ဂျင်နီယာမှူးကြီးတို့ ကွင်းဆင်းစစ်ဆေးခဲ့ပြီး အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လမ်းလုပ်ငန်းပြီးစီးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

## အထက(၁)လသာ ကျောင်းသားဟောင်းများ မြှတ်ဆရာပူဇော်မည်

*ရန်ကုန် ဇူလိုင် ၁၆*

*၁၉၆၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ (စင်ထရယ်) အထက(၁) လသာ ကျောင်းသားဟောင်းများ၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၁၂ ရက် (သီတင်းကျွတ်လပြည့်နေ့)တွင် ကျင်းပပြီး ကျင်းပရေးကော်မတီကို ဖွဲ့စည်းမည်ဖြစ်ရာ ကျောင်းသားဟောင်းများ ဇူလိုင် ၁၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက(၁)လသာ ကျန်းမာရေးနှင့် ကူညီစောင့်ရှောက်မှုရုံးခန်းသို့ တက်ရောက်ကြရန်ဖြစ်ကြောင်း သိရှိရသည်။* *(မြန်မာ့အလင်း)*

## မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပုလဲမြို့နယ်၌ ကျင်းပ

**ပုလဲ ဇူလိုင် ၁၆**

ပုလဲမြို့နယ်၏ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၆ ရက် နံနက် ၈ နာရီက ကန့်ဒေါင့်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲဝင်းအတွင်း ကျင်းပသည်။

**စုပေါင်းစိုက်ပျိုး**

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းအောင်က ပျိုးပင်ပေါက်များကို ဖြန့်ဝေပေးပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးဝင်းအေး၊ မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်မင်းနှင့် သစ်တောဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက အရိပ်ရလေကာပင်နှင့် နှစ်ရှည်သီးပင်စားပင် ၂၂၄၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ချင်းပြည်နယ် သတ္တမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

## ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့ တက်ရောက်စိုက်ပျိုးပေး

**နေပြည်တော် ဇူလိုင် ၁၆**

ချင်းပြည်နယ် သတ္တမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၇ နာရီခွဲတွင် ရှန်းတောင်ကုန်း၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့်ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းတို့ တက်ရောက်၍ ပျိုးပင်များကို ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များထံ ပေးအပ်ပြီး ခါတော်မီပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများ၊ သစ်တောရေးရာဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ယူကလစ် ပျိုးပင် ၅၀၀၊ ရေသင်းဝင်ပျိုးပင် ၇၀၀၊ မိုင်းဘောပျိုးပင် ၂၀၀၊ ချယ်ရီပျိုးပင် ၅၀၀ နှင့် ခါတော်မီ ပျိုးပင် ၁၅၀ စုစုပေါင်း ပျိုးပင် ၂၀၅၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ချင်းပြည်နယ် သတ္တမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ဌာနဆိုင်ရာ ဝန်ထမ်းတစ်ဦးအား ပျိုးပင်ပေးအပ်စဉ်။ (သတင်းစဉ်)

# သမဝါယမအသင်းဖွံ့ဖြိုးတိုးတက်ရေး ဒုတိယဝန်ကြီးဦးသန်းထွန်း ဆွေးနွေးမှာကြား

**နေပြည်တော် ဇူလိုင် ၁၆**

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းသည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သီရိရတနာဈေး သမဝါယမအသင်းလီမိတက်ရုံးခန်း၌ အသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် အသင်းမှတာဝန်ရှိသူများအား တွေ့ဆုံ၍ အသင်းဖွံ့ဖြိုးတိုးတက်ရေးနှင့်လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဈေးအတွင်း အသင်းသား အသင်းသူများ၏ ဈေးဆိုင်များ၌ ရောင်းဝယ် ဖောက်ကားနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**

## စာအုပ်စာပေ လှူဖို့တိတ်ဆွေ

# ရေကြည်မြို့နယ်ရှိ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

**ရေကြည် ဇူလိုင် ၁၆**

ငါးသယံဇာတ တိုးပွားရေး၊ ငါးမျိုးပြုန်းတီးမှုကာကွယ်ရေးနှင့် ငါးထုတ်လုပ်မှု တိုးတက်လာစေရေးတို့အတွက် ရေလုပ်ငန်းဦးစီးဌာနမှ ပုသိမ်ခရိုင် ရေကြည်မြို့နယ် အသုတ်ဒေသရှိ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ဇူလိုင် ၇ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ငါးမျိုးစိုက်ထည့်

အခမ်းအနားတွင် ရေကြည်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်တင်၊ ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းလွင်၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစံလှိုင်၊ မြို့နယ် စိုက်တိုးမြှင့်အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ၊ ရောရွှေဝါကုမ္ပဏီမှ အထွေထွေမန်နေဂျာဦးမောင်မောင်နှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက ငါးမျိုးစုံမျိုးကောင်ရေ ၉၆၀၀၀၀ စိုက်ထည့်ပေးခဲ့ကြောင်း သိရှိရသည်။**(အပေါ်ပုံ)**

**(မြန်မာ့အလင်း)**

မြန်မာ့အလင်း စာအုပ်စင်ကဏ္ဍ စာအုပ်စင်ကဏ္ဍ

# နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၁၄၇) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဇူလိုင် ၁၆**

ပြန်ကြားရေး ဝန်ကြီးဌာနက ကြီးကြပ်စီစဉ်သော နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း အမှတ် (၁၄၇)ကို ရွှေတံဆိပ်ဆုရှင် ဝူရှူးအားကစားမယ်လေး အေးသစ္စာမြင့်၏ မျက်နှာဖုံးဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ ကို(တက္ကသိုလ်)၊ ကြူကြူသင်း၊ ဝင်းဝေနောင်၊ မြတ်ဘုန်း (တပ်ကုန်း)၊ ဖိုးရန်နိုင် (ကျောက်ကြီး)၊ ဇော်မျိုးဟန် (ငါးသိုင်းချောင်း)၊ မင်းသွေးနွယ် (ဇီးကုန်း)၊ ရွှေညာသား မြတ်မင်း၊ တင်လင်းဇော်၊ မလေး (မုံရွာ)တို့၏အဖွင့်ကဗျာများ၊ ဗိုလ်ကလေးတင့်အောင်၊ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ တင်ဝင်း (ပညာရေး)၊ လှမြင့် (ရန်ကုန်တက္ကသိုလ်)၊ ဇင်မင်း (သမိန်ထော)၊ ရွှေရင်နု၊ ကျော့ဝင်း (မိုးညှင်း)၊ ချစ်နိုင်(စိတ်ပညာ)၊ မြင့်သိန်းအောင်၊ တက္ကသိုလ်တင်ခ၊ လှထွန်း (တွံတေး)၊ ဝင်းနိုင်သောင်း၊ ဒေါက်တာ ခင်မောင်ညွန့်၊ ဦးကျော်စိန် (မန္တလေး)၊ ယောဂီတိုးအောင်၊ တက္ကသိုလ်မောင်ယဉ်သူ၊ အောင်ရန်နိုင် (B.Sc)၊ မြင်းခြံကျော်အောင်၊ တက္ကသိုလ်မြတ်ထင်၊ မွှေးငယ်ငယ်၊ တက္ကသိုလ်စိုးယဉ်၊ မင်းသန့်မွှန်၊ သလ္လာမောင်၊ စစ်ရဲအိမ်၊ နွေတာရာ၊ စာကြည့်တိုက်ခင်မောင်၊ ဆင်ဖြူကျွန်းအောင်သိန်းတို့၏ ဝတ္ထုတို၊ အခန်းဆက်ဝတ္ထုရှည်၊ ဆောင်းပါး၊ ကာတွန်း၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ တောဓလေ့ စာပန်းချီ၊ ဓမ္မအလင်း ကဗျာပန်းခင်း၊ မှတ်သားစရာ၊ သတ်ပုံကဗျာ၊ ရသစာနုခံစားမှု၊ ကဗျာပန်းရုံရိပ်၊ ဘဝခရီးသည်၊ စာပေခရီး စာပေရေစီး၊ ဗုဒ္ဓစာဥယျာဉ်၊ သမိုင်းသုတေသန၊ ဂီတရေးရာသံစဉ်ကမ္ဘာ၊ မျက်နှာဖုံးရှင်ကဏ္ဍ၊ ဟာသရသကဏ္ဍ အစရှိသည်တို့ဖြင့် သုတရသစုံလင်စွာ စီစဉ်တင်ဆက်ထားသည်။

အဆိုပါ မဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည် စာပေတိုက် (၁) အမှတ် ၅၂၉/ ၅၃၁ စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည် စာပေတိုက် (၂) သစ္စာလမ်း ရန်ကင်းပညာရေးကောလိပ်ရှေ့ ရန်ကုန်မြို့ ဖုန်း-၇၂၅၅၃၀နှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

၁၇-၇-၂၀၁၁ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
- ၈:၁၀ ၇။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈:၂၅ ၈။ တေးဂီတအစီအစဉ်
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ အကပြိုင်ပွဲ
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၃၅ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်**(အပိုင်း-၆၀)
- ၁၂:၃၅ ၅။ Golf Magazine (TV)
- ၁၂:၅၅ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **ခွဲမသွားနဲ့အချစ်ဆုံးရယ်** ရဲအောင်၊ ကိုကိုလင်းမောင်၊ မို့မို့မြင့်အောင် (ဒါရိုက်တာ-ကြီးမြင့်)
- ၁၄:၄၅ ၇။ International News

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ **ဆီးချိုသွေးချိုကာကွယ်ပါ**
- ၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ဒုတိယနှစ် (စီးပွားရေးပညာ၊ပြည်သူ့ရေးရာ အိမ်တွင်းစီးပွားအထူးပြုများ) (စီးပွားရေးပညာ)
- ၅:၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၁၀ ၇။ အဆိုပြိုင်ပွဲ
- ၅:၂၅ ၈။ ဆိုကြမယ်၊ပျော်ကြမယ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၁။ ကာတွန်းအစီအစဉ် **ရေငုပ်သမားလေးအိုလီ** (အပိုင်း-၁)
- ၆:၄၀ ၁၂။ တစ်မျက်နှာ၊တစ်ကွက်စာ **ချယ်ရီပင်အိုရဲ့မေတ္တာ** အကယ်ဒမီစံရှားတင်၊ ခြူးသက်နွယ် [ဒါရိုက်တာ-မေတင် (MMG)]
- ၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (အပိုင်း-၂၀)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၃၂)
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုပ်ထွေးဆန်းကြယ်** (အပိုင်း-၂၄)

# (၆၄)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပစဉ် ယာယီပိတ်ထားမည့်လမ်းကြောင်းနှင့် အာဇာနည်ဗိမာန်သို့ ဝင်ရောက်ရမည့် လမ်းကြောင်းသတ်မှတ်ကြေညာ

**နေပြည်တော် ဇူလိုင် ၁၆**

(၆၄)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီတွင် စတင်ကျင်းပမည်ဖြစ်ရာ ဇူလိုင် ၁၈ ရက် ညနေ ၆ နာရီမှ ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီအထိ ဦးဝိစာရလမ်းနှင့်အနောက်ရွှေဂုံတိုင်လမ်းဆုံရာမှ အနောက်ရွှေဂုံတိုင်လမ်းအတိုင်း အနောက်ရွှေဂုံတိုင်(၁) လမ်းထိပ်အထိ၊ အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်စောင်းတန်းအထိ၊ အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်ဗိမာန်သို့ တက်ရောက်ရာ အုတ်လှေကားလမ်းနှင့် ကျောက်ဆည်ဓမ္မာရုံဘေး လမ်းကြောင်းများကို ဖြတ်သန်းသွားလာမှု ယာယီပိတ်ထားမည် ဖြစ်သည်။

အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ရွှေတိဂုံတောင်ဘက်မုခ်မှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်မှတစ်ဆင့် ရွှေတိဂုံမြောက်ဘက်မုခ်ရှိ အာဇာနည်ဗိမာန် ဝင်ပေါက်ဂိတ်(၂)မှ ဝင်ရောက်ပြီး အနောက်ရွှေဂုံတိုင်လမ်းသို့ ဂိတ်(၃)မှ ပြန်လည်ထွက်ခွာရမည်ဖြစ်သည်။

အာဇာနည်ဗိမာန်ကို အများပြည်သူလာရောက်ဂါရဝပြုနိုင်ရန် ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ရာ လာရောက်ကြမည့် ပြည်သူများသည် အနောက်ရွှေဂုံတိုင်လမ်းမှတစ်ဆင့် အနောက်ရွှေဂုံတိုင်လမ်းနှင့် အာဇာနည်လမ်းဆုံရှိ ဂိတ်(၁)မှ ဝင်ရောက်၍ ဂိတ်(၂)မှ တစ်ဆင့် အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်စောင်းတန်းသို့ ထွက်ခွာရမည် ဖြစ်သည်။

အာဇာနည်ဗိမာန်သို့ ဝင်/ထွက်ရာလမ်းကြောင်းနှင့် ဂိတ်များ၌ လုံခြုံရေးအရ ရှာဖွေစစ်ဆေးမှုများကို ပူးပေါင်းကူညီသောအားဖြင့် ကြည်ဖြူစွာ အစစ်ဆေးခံပေးကြရန်နှင့် သတ်မှတ်လမ်းကြောင်းမှသာ စည်းကမ်းတကျ ဝင်ရောက် ထွက်ခွာကြရန် သက်ဆိုင်ရာက မေတ္တာရပ်ခံထားသည်။ **(သတင်းစဉ်)**

## ရှင်းလင်းတင်ပြ

**ကျိုက်မရောမြို့နယ် အတ္တရံမြို့သစ် ရေပေးဝေရေးလုပ်ငန်းများကို ဇူလိုင် ၅ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်မြင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေစိုးကျော်တို့ ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)

## ထပ်ပိုးလွှာခင်းခြင်း

**မိုးကုတ်မြို့နယ်ရှိ ဥယျာဉ်လမ်း ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဇူလိုင် ၃ရက်က အငယ်တန်း အင်ဂျင်နီယာ-၂ ဦးဇော်မျိုးသက်အဖွဲ့ ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးပြည့်စိုးနှင့် အင်ဂျင်နီယာမှူး ဦးဝင်းမြင့်တို့ ကွင်းဆင်း စစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

# ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

## ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကချင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်ဆုချီးမြှင့်

**နေပြည်တော် ဇူလိုင် ၁၆**

ကချင်ပြည်နယ်၏ ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းက အမှာစကားပြောကြားသည်။

**ဆုများချီးမြှင့်**

ယင်းနောက် ပညာရည်ချွန်ဆုများကို ချီးမြှင့်ရာ ပြည်နယ်ဝန်ကြီးချုပ်က ခြောက်ဘာသာဂုဏ်ထူးရှင် ၁၅ ဦး **(ယာပုံ)**၊ ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်ဘောက်ဂျာနှင့် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သန်းအောင်တို့က ငါးဘာသာဂုဏ်ထူးရှင် ၄၃ ဦး၊ ပြည်နယ်သစ်တောနှင့် သတ္တုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်နိုင်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအလေးပါးတို့က လေးဘာသာဂုဏ်ထူးရှင် ၄၁ ဦးနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအောင်မင်း၊ မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ကိုကိုမြင့်၊ ပြည်နယ်ပညာရေးမှူး ဦးခင်မောင်ထွေးတို့က သုံးဘာသာဂုဏ်ထူးရှင် ၇၀ တို့အား ဆုများပေးအပ်ကြသည်။

**အောင်ချက်အကောင်းဆုံး**

ဆက်လက်၍ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းမြင့်ကျော်နှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်လွင်တို့က အထက်မြန်မာပြည်အောင်ချက်အကောင်းဆုံး ပထမဆု၊ အောင်ချက်အကောင်းဆုံးမြို့နယ်များနှင့် အောင်ချက်အကောင်းဆုံး ကျောင်းများ၊ ဂုဏ်ထူးအများဆုံးရကျောင်း၊ သိပ္ပံဘာသာတွဲနှင့် ဝိဇ္ဇာဘာသာတွဲတို့တွင် အမှတ်အများဆုံးပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဆုများပေးအပ်ကြသည်။ ကချင်ပြည်နယ်အနေဖြင့် ၂၀၁၁ ခုနှစ် ပညာသင်နှစ်တွင် အထက်မြန်မာပြည် အောင်ချက်အကောင်းဆုံးပထမဆုနှင့် တစ်နိုင်ငံလုံး တတိယဆုရရှိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အင်ဂျင်နီယာကျွမ်းကျင်မှုသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၆**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အား ပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခိုင်သည် ဇူလိုင် ၁၄ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ဗဟိုသင်တန်းကျောင်း(လှိုင်သာယာ) သင်တန်းခန်းမ၌ကျင်းပသော အင်ဂျင်နီယာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၁၁)သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဒုတိယအင်ဂျင်နီယာချုပ် ဦးသန်းထွန်းအောင်က သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားများ ကိုယ်စား သင်တန်းသားခေါင်းဆောင်ထံသို့ လည်းကောင်း၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌက သင်တန်းထူးချွန်ပထမဆုရ ဦးမျိုးသန့်ထွန်း၊ ဒုတိယဆုရ ဦးမင်းနိုင်နှင့် တတိယဆုရ ဦးကျော်စွာထွန်းတို့အားလည်းကောင်း ဆုများပေးအပ်ကြသည်။

အဆိုပါ သင်တန်းသို့သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ကွင်းဆင်းစစ်ဆေး

**စစ်တွေမြို့အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ကျေးပင်ကြီးရပ်ကွက် ကျောင်းကြီးလမ်းတွင် ဇူလိုင် ၆ရက်က အဖွဲ့ဝန်ထမ်းများ ရေမြောင်းတူးဖော်နေမှုကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြကြစဉ်။** (မြို့နယ်စည်ပင်)

**ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပထမသုံးလပတ်၌ ဆောင်ရွက်ပြီးစီးခဲ့သည့် သခင်မြကတ္တရာလမ်းသစ်ခင်းကျင်းပြီးစီးမှုကို ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးရဲမြင့်ထွန်းနှင့်တိုင်းဒေသကြီး စည်ပင်ညွှန်ကြားရေးမှူး ဦးအောင်မြင့်တို့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦးနှင့်တာဝန်ခံအင်ဂျင်နီယာဦးကျော်သန်းတို့ ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)

## အခွန်ပညာပေးဆွေးနွေးပွဲ ပခုက္ကူ၌ကျင်းပ

**ပခုက္ကူ ဇူလိုင် ၁၆**

မကွေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနက ကြီးမှူး၍ အခွန်ပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီက ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး ဦးစိုးမြင့်က ဝင်ငွေအခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေများနှင့် စပ်လျဉ်းသည့် အခွန်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်း ဆွေးနွေးသည်။ **(အပေါ်ပုံ)**

**ရှင်းလင်းပြောကြား**

ထို့နောက် တက်ရောက်လာသည့် အခွန်ထမ်းပြည်သူများ၊ ဌာနဆိုင်ရာများက သိရှိလိုသည့်အချက်များကို မေးမြန်းရာ တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းပြောကြားသည်။ အခမ်းအနားတွင် တက်ရောက်လာသည့် အခွန်ထမ်းပြည်သူများနှင့် ဌာနဆိုင်ရာများအား အခွန်ဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ပန်းတောင်းမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ပန်းတောင်း ဇူလိုင် ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်၌ ဇူလိုင် ၂ ရက် နံနက် ၇နာရီက ရေဝင်ကျေးရွာအနီး နဝဒေးချဉ်းကပ်လမ်း မိုင်တိုင်အမှတ် (၁၁/၃)၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း၊ ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ သစ်တောဦးစီးဌာနဝန်ထမ်းများ၊ ဌာနဆိုင်ရာနှင့် ရပ်ကွက်၊ ကျေးရွာ ပြည်သူများက ရတနာတန်းဝင်ကျွန်း၊ ပျဉ်းကတိုး၊ ယူကလစ်၊ စိန်ပန်း၊ မဲဇလီနှင့် မဟော်ဂနီ စုစုပေါင်း ပျိုးပင် ၁၅၀၀တို့ကို စိုက်ပျိုးခဲ့ကြသည်။ **(အောက်ဝဲပုံ)**

**စိုက်ပျိုးခဲ့**

ပန်းတောင်းမြို့နယ်အတွင်း ၂၀၁၁ ခုနှစ် မိုးရာသီတွင် ကျေးလက်အိမ်ရာ ထူထောင်ရေး၊ တစ်အိမ်ထောင် ကျွန်းသုံးပင်၊ တစ်အိမ်ထောင်သစ်မာ၊ ယူကလစ်အပင် ၂၀နှင့် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ပြည်သူများဖြန့်ပျိုးပင်စိုက်ပျိုးခြင်းများ အပါအဝင် ပျိုးပင်ပေါင်း ၁၀၀၀၀၀ စိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရှိရသည်။

**(မြို့နယ်သစ်တော)**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၇-၇-၂၀၁၁ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလာသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **ဓမ္မစကြာ၊ စကြာရတနာ** တရားတော် (ရွှေလင်းယုန်ဆရာတော် ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၆၇)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၉)
- ၈:၅၀ ဝါဆိုလ၏ကောင်းမှုကုသိုလ်ပွဲ
- ၉:၀၀ မေတ္တာရေကြည် တစ်ပေါက်မှသည်
- ၉:၁၅ ကေသီပန်ဦးလှမြင့်၏ ဘဝမှတ်တမ်း၊ စာအုပ်မိတ်ဆက်ခြင်း အခမ်းအနား
- ၉:၃၀ Sunday Talk [ဦးစိုးညွန့် (မြန်မာနိုင်ငံ ငှက်အသင်းဥက္ကဋ္ဌ)၊ မျိုးမြတ်သူ]
- ၁၀:၀၅ ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (ကြယ်စင်များနဲ့ Leonine
- ၁၀:၃၀ ဗီဒီယိုပြခန်း
- ၁၀:၅၅ ဈေးဝယ်လမ်းညွှန်(S Wellcom)
- ၁၁:၂၀ နယဉ်ဆန်းထွင် ပန်းအလှဆင် (ပန်းခြင်းတောင်း)
- ၁၁:၅၅ PRARAM 9 HOSPITAL (အပိုင်း-၂)
- ၁၂:၃၅ အရေပြားနှင့် ယှဉ်သောလေးဖက်နာ (ပါမောက္ခ ဒေါက်တာချစ်စိုး)
- ၁:၀၀ **ဓမ္မစကြာ၊စကြာရတနာ** တရားတော် (ရွှေလင်းယုန်ဆရာတော် ဘဒ္ဒန္တ အရဝိန္ဒာဘိဝံသ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ စကားနပန်း **(အယူသည်းတာကောင်းတယ်၊ အယူမသည်းတာကောင်းတယ်)**
- ၃:၃၀ အောင်မြင်မှုတို့ ဖော်ညွှန်းရာ… ချင်းတွင်း College မှာ
- ၃:၅၀ ခေတ်မီဆန်းသစ်ဒီဇိုင်းသစ်များနှင့် ကြိုဆိုနေမည့်…New Star
- ၄:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၉)
- ၅:၀၅ ဆိတ်ငြိမ်အေးချမ်းခြင်းနှင့်အတူ Myanmar Life Hotel
- ၅:၃၀ ဂဏန်းသင်္ချာပျော်စရာ
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ FMF Selection
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၆၈)
- ၇:၃၀ သွားမယ်စားမယ် (Mra Food Court) (Part-2)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Activities in the City (၂၀၁၁ ခုနှစ် စစ်ကိုင်းအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား)
- ၈:၄၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၃၃)
- ၉:၀၅ Kid's Show
- ၉:၃၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၁၀)
- ၁၀:၂၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀:၅၅ ပရီးမီးယားလိဂ်ရင်ခုန်သံ
- ၁၁:၂၀ Omega-3 Fatty acids
- ၁၁:၃၅ ဟိုတယ်လမ်းညွှန် (မန္တလေးဆီဒိုးနားဟိုတယ်)
- ၁၁:၅၅ နတ်လူသာစုခေါ်စေသော်ဝ် (ခေတ်သစ်၊ဝိုင်းစုခိုင်သိန်း၊ သတိုးစော) (ဒါရိုက်တာ-သော်ကိုကိုကျော်)
- ၁၂:၁၅ Box Office Movies (Harry Potter)
- ၁၂:၄၀ ဘဝအမောပြေ ပျော်ရွှင်ဖို့ သီချင်းလေးတွေဆိုကြစို့
- ၁:၀၀ Singapore Sunday
- ၁:၁၅ စက္ကူရွက်ဝေ ရှမ်းထီးသက်သေ
- ၁:၃၀ ရောင်စုံရှသနီယွန်ည
- ၂:၀၅ ဝိရောဓိ CONTRA
- ၂:၁၀ ဘဝများ(ဆုပန်ထွာ)
- ၂:၃၅ ဝင့်ကြွားအားမာန် **ကတိုက်** တမံ
- ၂:၄၀ စွဲမက်ဖွယ်ရာ ရတနာ (လင်းလက်တောက်ပဂေါမိတ်အလှ)
- ၃:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၅ ရမ္မာဝတီသို့… ရွက်လွှင့်ခြင်း
- ၄:၂၅ စိတ်ချယုံကြည် Global Wave Technology
- ၄:၃၅ မုံရွာမြို့သို့ အလည်တစ်ခေါက်
- ၄:၅၀ ရှုတိုင်းလှသည် ပထက်တောင် အတုလရုံသီ
- ၅:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အခမ်းအနား ကျွန်းလှမြို့နယ်၌ကျင်းပ

**ကျွန်းလှ ဇူလိုင် ၁၆**

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့် **(ယာပုံ)**က အမှာစကားပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှပေးပို့သော သဝဏ်လွှာကို ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲအုပ် မန်းလွင်က ဖတ်ကြားသည်။

ထို့နောက် မြို့နယ်ဥပဒေအရာရှိ ဒေါ်စိုးစိုးမိုးက မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု အကြောင်းကို လည်းကောင်း၊ မြို့နယ်တရားသူကြီး ဒေါ်ခင်လှလှမြင့်က မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု ပြုလုပ်ပါက ပြစ်မှု၊ ပြစ်ဒဏ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**

■ *ကျောဖုံးမှ*

အကြီးမြန်တယ်လို့ ပြောကြတယ်"ဟု ဝမ်းသာအားရ စကားဆိုပါသည်။

ရှင်မတောင်သနပ်ခါးပင်များကို လေးပေပတ်လည် အကွက်ချ၍ စနစ်တကျ တန်းစီစိုက်ပျိုးထားရာ သနပ်ခါးပင်များမှာ တစ်အုပ်တစ်မ တစီတတန်းဖြင့်လှပ၍ နေကြသည်။ အပင်များမှာ လူအရပ်နှစ်ပြန် သုံးပြန်ကျော်မြင့်နေကြပြီ။ လုံးပတ်မှာ ပေါင်လုံးခန့်၊ ခြေသလုံးခန့်ရှိနေကြပြီး အခက်အလက်ဝေဆာနေသော သနပ်ခါးခြံကြီးကား ရနံ့သင်း၍ မွေးကြိုင်လန်းဆန်းလျက်ရှိနေသည်။ သနပ်ခါးပင်အကြား ငရုတ်ပင်များကို စိုက်ပျိုးထားရာ လယ်မြေမှာ ယာမြေပြောင်းထားသောမြင်ကွင်းကား စိမ်းလန်းစိုပြည်လျက်ရှိသည်။

သနပ်ခါးပင်ပျိုများအကြား၌လေဝင်လေထွက်ရရှိစေရန် ကြားလမ်းချန်၍ စိုက်ပျိုးထားခြင်းဖြစ်သည်။ ထိုလမ်းကြားတွင် ငရုတ်ပင်များကို စနစ်တကျအကွက်ချ၍ စိုက်ပျိုးထားရာ လှမှလှသေးပေ့။ မြေဧကအကျယ်အဝန်းကို မေးကြည့်ရာ စုစုပေါင်း ခုနစ်ဧကကျယ်ဝန်းသည်ဟု သိရသည်။ ဥယျာဉ်ဘေးပတ်လည်တွင် ထန်းပင်၊ သရက်ပင်၊ ငှက်ပျောပင်များကို လေကာပင်အဖြစ် စိုက်ပျိုးထားရာ စိမ်းလန်းစိုပြည်၍နေကြသည်။ လယ်ယာတဲရှေ့မျက်နှာစာတွင် စိုက်ပျိုးထားသောသဘော်ပင်တို့မှာလည်း သုံးပေခန့်အမြင့်တွင် အသီးဝေဝေလှိုင်၍ သီးနေကြသည်။ အားကျဖွယ် ကောင်းလှသည့် ဥယျာဉ်ပါတည်း။

သနပ်ခါးပင်များ မည်သို့ စတင်စိုက်ပျိုးခဲ့ပုံကို မေးကြည့်ရာ အောက်ပါအတိုင်း သိရှိမှတ်သားခဲ့ရသည်။

**ရှင်သန်ဖြစ်ထွန်း**

ပထမဦးစွာ ရှင်မတောင်သနပ်ခါးမျိုးစေ့များကို ပခုက္ကူ-မြိုင် မြို့တို့ရှိ သနပ်ခါးခြံများမှ ဝယ်ယူခဲ့သည်။ သနပ်ခါးမျိုးစေ့ နို့ဆီဘူးတစ်လုံးကို ငွေကျပ် ၁၀၀၀ ပေးရသည်။ သနပ်ခါးမျိုးစေ့များကို ငါးလက်မ၊ ခြောက်လက်မအရွယ်ခန့်ရှိ ပလတ်စတစ်ထဲတွင် နုန်းမြေထည့်၍ အစေ့ချပျိုးထောင်ရသည်။ အစေ့နှစ်စေ့၊ သုံးစေ့ထည့်ရသည်။ မျိုးစေ့နို့ဆီဘူး ခြောက်ဘူးပျိုးလျှင် အပင်ရေ ၅၀၀၀ ပေါက်သည်။ ပျိုးပင် ပျိုးအိတ် အပင် ၅၀၀၀ ပျိုးရာ အသားတင် အပင်ပေါက် ၄၀၀၀ ရှင်သန်ဖြစ်ထွန်းသည်။

ပျိုးပင်များ နှစ်လသားအရွယ် သုံးလက်မခန့် အမြင့်ရှိလာသောအခါ ပျိုးပင်များကို တစ်ပေအကျယ်၊ တစ်ပေအနက် ကျင်းများတွင် မြစ်သာမြစ် နုန်းမြေကိုထည့်၍ ပြောင်းရွှေ့စိုက်ပျိုးရသည်။ စိုက်ကျင်းတစ်ကျင်းကို လေးပေခွာ၍ စိုက်သည်။ မြေအစိုဓာတ်မီရန် သီတင်းကျွတ်လအတွင်း၌ အပြီးစိုက်သည်။ စိုက်ကျင်း တစ်ကျင်းတစ်ပင်သာထား၍စိုက်သည်။

**ရေလောင်းပေး**

စိုက်ပြီး တစ်နှစ်ကြာသောအခါ သနပ်ခါးပင်များမှာ လူတစ်ရပ်ခန့် မြင့်လာသည်။ ငါးပေခြောက်ပေ မြင့်လာသည်။ နှစ်နှစ်သားအရွယ်၌ ၁၀ပေခန့် မြင့်လာသည်။ နှစ်နှစ်သားအရွယ်တွင် လုံးပတ်သည် တစ်လက်မ ပိုက်လုံးခန့် အရွယ်ရှိလာသည်။ သနပ်ခါးပင်များ အစဉ် ရှင်သန်စေရန် နေ့စဉ် နံနက်ခင်း၌ ရေလောင်းပေးရသည်။ သနပ်ခါးပင်များကြား လေဝင်လေထွက်ကောင်းစေရန် မြက်ခုတ်ပေါင်းရှင်းပေးရသည်။

**သနပ်ခါးပင်တန်းကို ဤသို့ တစ်အုပ်တစ်မ တွေ့ရသည်။**

**ရေညှပ်စိုက်ပျိုး**

သနပ်ခါးပင်များ စတင်စိုက်ပျိုးချိန်တွင် ကြားပင်များအဖြစ် ပန်းမုန်လာ၊ ကြက်သွန်၊ ဆလတ်၊ မေမြို့ပန်း စသည့်အပင်များကို သနပ်ခါးပင်လေးများ အရိပ်ရစေရန် လေကာပင်များအဖြစ် စိုက်ပျိုးသည်။ နှစ်ရှည်ပင်ကြား ရာသီပင်ရေညှပ်စိုက်ပျိုးခြင်းဖြစ်သည်။

ယခုအခါ ခြောက်နှစ်သား သနပ်ခါးပင်များမှာ ပေ ၂၀ ခန့် မြင့်မားနေကြပြီဖြစ်သည်။ လုံးပတ်မှာ ခြေသလုံး၊ ပေါင်လုံးအရွယ်ရှိနေကြပြီးနောက် လေးနှစ်ဆိုလျှင် ခုတ်ရောင်း၍ရပြီဟု သိရသည်။ ၁၀နှစ်သားအရွယ် သနပ်ခါးပင်တစ်ပင်ကို ခုတ်ရောင်းချပါက ငွေကျပ်ခုနစ်သောင်းမှ ရှစ်သောင်းအထိရရှိသည်ဟု သိရသည်။

**စိုက်ပျိုးထား**

ကလေးမြို့နယ် တောင်ပိုင်းဆည်တောရွာ၌လည်း သနပ်ခါးပင်များ စိုက်ပျိုးထားရာရှစ်နှစ်သားအရွယ်အထိရောက်နေကြပြီ။ အပင်တစ်ပင် ခုတ်ရောင်းရာ (အပင်ပြတ်)တစ်ပင် ငွေကျပ် ၈၀၀၀၀ရရှိသည်ဟု သိရသည်။ ဆည်တောရွာမှာ မြောင်းချောင်းကမ်းနံဘေးအင်တိုင်းမြေဖြူဖြူ၌ စိုက်ပျိုးထားခြင်းဖြစ်သည်။

**အောင်မြင်ဖြစ်ထွန်း**

ပခုက္ကူ ရှင်မတောင်သနပ်ခါးတို့ကား ကလေးနယ်၌ ဈေးကွက်ဝင်နေကြပါပြီ။ အောင်မြင်ဖြစ်ထွန်းနေကြပါပြီ။ စနစ်တကျစိုက်ပျိုးဖို့သာ လိုပါတော့သည်။ ။ **(မြန်မာ့အလင်း)**

# သစ်ပင်စိုက်ပျိုးပွဲ သံတွဲမြို့နယ်၌ ကျင်းပ

**သံတွဲ ဇူလိုင် ၁၆**

သံတွဲခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက် နံနက် ၇ နာရီက သံတွဲမြို့နယ် ရွှေကျောင်းပြင်ကျေးရွာ၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် သံတွဲခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်ခိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေယုနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ရတနာတန်းဝင် ကျွန်း၊ ပျဉ်းကတိုး၊ ငုရွှေဝါ၊ မဲဇလီနှင့် အော်ရီးရှား၊ ပုန်းညက် စသည့်အပင်ပေါင်း ၃၃၀၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ဇလွန်မြို့အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ဗိုလ်ချုပ်လမ်းဘေးအဓိကရေထွက်ပေါက်များ ရှင်းလင်းခြင်းလုပ်ငန်းကို ဇူလိုင် ၇ ရက်က အဖွဲ့ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်း ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

**ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ၄-လမ်း ဘုရင့်နောင်ရိပ်သာနေ ဦးစိုးနိုင်-ဒေါ်တင်မိုးစမ်း၊ သား မောင်ကျော်ဇင်လင်း၊ သမီး မထက်အင်ကြင်း Grade(1) တီတီစီ(လှိုင်) ငါးနှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်ထာဝရ အထွေထွေပဒေသာပင်နှင့် တစ်နေ့လုံးစာအထူးအာဟာရ ကျွေးမွေးရန် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။**

(ဘိုးဘွားရိပ်သာ)

# Champion Challenge Cup Tournament 2011
# ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်အောင်နိုင်ရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် ဇူလိုင် ၁၆**

မကွေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန၏ စက်တင်ဘာလအတွင်း နေပြည်တော်၌ ကျင်းပမည့် ပထမအကြိမ် Champion Challenge Cup Tournament 2011 ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်အောင်နိုင်ရေး တာဝန်ခွဲဝေပေးအပ်ခြင်း လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီက တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းမြင့်က မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အောင်မြင်မှုရရှိရေးအတွက် ယခုကျင်းပမည့် Champion Challenge Cup Tournament 2011 ပြိုင်ပွဲကို သတ်မှတ်အားကစားနည်း ၁၃ မျိုးဖြင့် ကျင်းပမည်ဖြစ်ရာ သတ်မှတ်စံချိန်မီ တိုင်းဒေသကြီး လက်ရွေးစင်နှင့် လူသစ်အားကစားသမားများ၏စာရင်းကို တင်ပြ မှတ်တမ်းတင်နိုင်ရေးအတွက် ရှင်းလင်းပြောကြားပြီး ခရိုင်နှင့် မြို့နယ်ဦးစီးအရာရှိများက အားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် အကြံပြုဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

**(တနင်္လာနေ့-နံနက်+နေ့လယ်+ည)**
**၁၈-၇-၂၀၁၁**

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅ တရားတော် **(ဓမ္မဂုတ်+ဂုဏ်တော်ကွန်ချာ)**
၇:၂၀ ဓမ္မပူဇာတေးပဒေသာ
၇:၃၅ (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန်+သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၁၀:၀၀ အမှတ်တရတေးလက်ဆောင်
၁၀:၂၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၀:၄၅ လယ်ယာစီးပွား (ပိုးသတ်ဆေးများ အန္တရာယ်ကင်းစွာ အသုံးပြုရေး) တေးသီချင်း
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ မေတို့တွက်တာအလှကမ္ဘာ (နုပျိုလန်းဆန်းတဲ့အကြည့်)
၁၁:၂၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀ သိပ္ပံပညာသိကောင်းစရာ (သိပ္ပံသတင်းအတိုအထွာ)
၁၁:၄၀ တေးပဒေသာ
၁၂:၀၀ စံတော်ချိန် သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ
၁၂:၁၅ အလုပ်အကိုင်အခွင့်အလမ်း (D.S.T.A)
၁၂:၂၀ တေးပဒေသာ
၁၂:၃၀ အားကစားသတင်းပဒေသာ
၁၂:၄၀ လူမှုစာနာပြန်ကြားလွှာ နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ ပညာရေးအစီအစဉ် (အထက်တန်း မြန်မာစာ) တေးပဒေသာ
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၃၀ သောတရှင်လိုရာတေး
၁၇:၀၀ ထူးခြားထင်ရှား တစ်ပတ်အတွင်းသတင်းများ
၁၇:၁၀ သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (အရပ်ရှည်စေမဲ့ သဘာဝနည်းများ)
၁၇:၁၅ ဇာနည်စစ်သည်တေးပန်းချီ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၅ အင်္ဂလိပ်စာသုတပဒေသာ(၆၈) ညနေခင်းတေးပဒေသာ
၁၈:၀၀ ညနေခင်းသတင်း နိုင်ငံရေးဦးတည်ချက်
၁၈:၁၀ တေးချစ်သူရွေးသီ တေးပန်းချီ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း စီးပွားရေးဦးတည်ချက်
၁၉:၁၀ ရေဒီယိုဇာတ်လမ်းတွဲ သံသရာစက်ဝိုင်း (ဇာတ်သိမ်းပိုင်း) တေးပဒေသာ
၁၉:၄၀ ပြုံးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း လူမှုရေးဦးတည်ချက်
၂၀:၂၀ **ချမ်းမြေ့သာယာသီရိဂေဟာ** (ဇော်မင်းလေးနှင့် ဇနီးလေးလေးနွယ်)
၂၁:၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
၂၁:၃၀ ညချမ်းချိန်ခါတေးပဒေသာ

# ဘက်ထရီရှော့ခ်တိုက်(ကျဉ်စက်)နည်းဖြင့် ငါးဖမ်းဆီးခြင်းမပြုရန် သတိပေးနှိုးဆော်ချက်

**ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသယံဇာတများ ရေရှည်တည်တံ့စေပြီး စဉ်ဆက်မပြတ် ထုတ်လုပ်စားသုံးနိုင်ရေးအတွက် ငါးလုပ်ငန်းရေပြင်များ မပျက်စီးစေရန် ကာကွယ်စောင့်ရှောက်ခြင်း၊ ငါးမျိုးများမပြုန်းတီးစေရန် ကာကွယ်တားဆီးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။**

**ဘက်ထရီရှော့ခ်တိုက်၍ ငါးဖမ်းဆီးခြင်းသည် ဥပဒေနှင့်ဆန့်ကျင်သည့် ငါးဖမ်းနည်းဖြစ်ပါသည်။ ဘက်ထရီရှော့ခ်တိုက်နည်းဖြင့် ငါးဖမ်းဆီးခြင်းအားဖြင့် ငါးများနှင့် ယင်းတို့၏ပတ်ဝန်းကျင်ရှိ သက်ရှိရေသတ္တဝါများကို ထိခိုက်ပျက်စီးစေပါသည်။**

**သို့ဖြစ်ပါ၍ ငါးလုပ်ငန်းဦးစီးဌာနမှ ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၃၄(ခ)ဖြင့် ငါးမျိုးများပြုန်းတီးခြင်းကို ကာကွယ်ထိန်းသိမ်းရန်အတွက် ဘက်ထရီရှော့ခ်တိုက်နည်းဖြင့် ငါးဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ငွေဒဏ် ကျပ်သုံးသောင်းအထိဖြစ်စေ၊ ထောင်ဒဏ် သုံးနှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ အပြစ်ဒဏ်ကျခံရမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။**

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

# ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ မော်လမြိုင်ကျွန်း၌ လှူဒါန်း

**မော်လမြိုင်ကျွန်း ဇူလိုင် ၁၆**

မော်လမြိုင်ကျွန်းမြို့နယ် လှိုင်းဘုန်းကျေးရွာအုပ်စု ကန်စုကျေးရွာ မူလတန်းကြိုကျောင်းမှ ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီက မူလတန်းကြိုကျောင်းရှေ့၌ ကျင်းပရာ လှိုင်းဘုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝေလွင်က အမှာစကားပြောကြားပြီး အလှူရှင် ဦးသိန်းဇော် (သိန်းဇော်-ရွှေလီဦး)နှင့် ကဗျာဆရာဦးတင်အောင်(ဟဲမင်းဝေ) တို့က မူကြိုတာဝန်ခံဆရာမထံ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာပစ္စည်းများအား ပေးအပ်လှူဒါန်းကြသည်။

**(အပေါ်ပုံ)**

ထို့နောက် လှိုင်းဘုန်းကျေးရွာအုပ်စု ရွာသစ်ကျေးရွာရှိ မူလတန်းကျောင်းသား ကျောင်းသူ ၉၆ ဦးတို့ကိုလည်း ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(ဝဖ၅)**

# သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အမြို့မြို့အနယ်နယ်၌ သစ်ပင်များစိုက်ပျိုး

၁၆-၇-၂၀၁၁

## မြန်အောင်၌ သစ်ပင်များစိုက်ပျိုး

မြန်အောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၏စီစဉ် ကြီးကြပ်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးဆောင်၍ ပထမအကြိမ်မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၆ ရက် နံနက် ၇ နာရီက မြန်အောင်မြို့နယ် အမှတ် (၁)ရပ်ကွက်၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးကြူနှင့် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဝင်းမြင့်-၆တို့က မဟော်ဂနီနှင့် ယူကလစ်ပင်များကို ပေးအပ်ရာ (ဝဲပုံ)တာဝန်ရှိသူများက လက်ခံယူကြပြီး အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူမဟော်ဂနီနှင့် ယူကလစ်အပင် ၇၀၀တို့အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်းသိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

အမှတ်(၁) ရေနံချက်စက်ရုံ သန်လျင်၏ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၂ ရက်က သန်လျင်ဂေါက်ကွင်း၌ ကျင်းပရာ စက်ရုံမှူး ဦးဖေသက်ညွှန့် ပိတောက်ပင်ကို အမှတ်တရစိုက်ပျိုးစဉ်။(၀၄၉)

## မင်းတုန်းမြို့နယ်၌ သစ်ပင်များစိုက်ပျိုး

မင်းတုန်းမြို့နယ်ရှိ အထက၊ အလက ကျောင်းများတွင် ဇွန် ၂၅ ရက်က သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသာညွှန့်၊ မြို့နယ်သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးကျော်ညဏ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ကြည့်ရှုအားပေးကြသည်။ မင်းတုန်းမြို့နယ်တွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်၌ အထက၊ အလက ကျောင်း ၁၃ ကျောင်းရှိ ကျောင်းသား ကျောင်းသူများက ကျွန်း ၉၁၅ ပင်၊ မဲဇလီ ၂၉၇၊ ယူကလစ် ၇၉၆ပင်တို့ကို သက်ဆိုင်ရာ ကျောင်းများတွင် တစ်ပြိုင်နက်စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

## မောင်တော၌ သစ်ပင်များစိုက်ပျိုး

မောင်တောခရိုင် သစ်တောဦးစီးဌာန၏ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက် နံနက်က မောင်တောမြို့ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးပြီးနောက် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ၏ သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည် ကြည့်ရှုအားပေးခဲ့ကြကြောင်းသိရှိရသည်။ (ခရိုင် ပြန်/ဆက်)

## နွားထိုးကြီးမြို့နယ်၌ သစ်ပင်များစိုက်ပျိုး

နွားထိုးကြီးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ ၂၀၁၁ မိုးရာသီ၌ ကျေးလက်အိမ်ရာထူထောင်ရေးတစ်ရွာတစ်ဧက ဘက်စုံသုံးစိုက်ခင်း၊ အိမ်ထောင်တစ်စုလျှင် ကျွန်းသုံးပင်နှင့် ယူကလစ် ၂၀ စိုက်ပျိုးခြင်းလုပ်ငန်းများကို ဇွန် ၅ ရက် နံနက်ပိုင်းက နွားထိုးကြီးမြို့နယ် လျှော်ဖြူကျေးရွာ၌ကျင်းပရာ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမိုးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူကျေးရွာသားများက ယူကလစ် ၃၀၀၊ ရတနာတန်းဝင်ကျွန်း ၁၈၆ပင်နှင့် ယူကလစ်အပင် ၁၂၄၀ကို စုပေါင်း စိုက်ပျိုးကြသည်။ (အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

## ကြို့ပင်ကောက်မြို့နယ်၌ သစ်ပင်များစိုက်ပျိုး

ကြို့ပင်ကောက်မြို့ ညောင်ကုန်း-ရှားပင်ထကျေးရွာချင်းဆက်လမ်းတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၉ ရက်က ကျင်းပရာ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးခင်မောင်ဝင်းက ရှားပင်ထကျေးရွာ ရပ်မိရပ်ဖတစ်ဦးအား ပျိုးပင်များကို ပေးအပ်သည်။ ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်တို့က သက်ဆိုင်ရာဌာနများနှင့်အဖွဲ့အစည်းများအား စိုက်ပျိုးပင်များပေးအပ်ကာ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

# သဘာဝရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်ပွဲ စဉ့်ကိုင်မြို့နယ်တွင် ကျင်းပ

စဉ့်ကိုင် ဇူလိုင် ၁၆

ငါးသယံဇာတတိုးပွားရေးအတွက် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးသက်အေးနှင့် ဝန်ထမ်းများ၊ စဉ့်ကိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်ဇော်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများသည် ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီက စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကုန်းနီ၊ မုန်ပေါင်း၊ သိန္ဓီကုန်းနှင့် ရဲစုကျေးရွာများရှိ သဘာဝရေပြင်များနှင့် လယ်ကွင်းများအတွင်း ငါးရှဉ့်ကောင်ရေ ၅၀၀၀ ခန့် မျိုးစိုက်ထည့်ကြသည်။ (ယာပုံ)

ဆက်လက်၍ ကျောက်ဆည်ခရိုင် အတွင်းရှိ ကျေးရွာလယ်ကွင်းများနှင့် ရေဝင်ကွင်းများအတွင်းသို့ တစ်လလျှင် တစ်ကြိမ်ခန့် ငါးရှဉ့်သားပေါက်များနှင့်ငါးသားပေါက်များကို မျိုးစိုက်ထည့်ကြမည်ဖြစ်ကြောင်း သိရှိရသည်။ (၄၁၀)

# မြန်မာ့အလင်း သတင်းအတိုအထွာ ၁၆-၇-၂၀၁၁

## ပေါင်စနစ်ဖြင့်ပျိုးထောင်မှု တောင်တွင်းကြီး၌ သရုပ်ပြ

*စပါးမျိုးစေ့အလေအလွင့်နည်းစေရန်နှင့် မျိုးပင်ဘဝတွင် ကြီးထွားမှုအားကောင်းစေရန် သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်မှု သရုပ်ပြပွဲကို ဇွန် ၃၀ ရက်က တောင်တွင်းကြီးမြို့နယ် တရုပ်ကောအုပ်စု သဖန်းကုန်းကျေးရွာ ကွင်းအမှတ် (၂၆၃၂)၌ ကျင်းပသည်။ သရုပ်ပြပွဲတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးရွှေအိုးက စပါးပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်း၏ ရည်ရွယ်ချက်များကိုရှင်းလင်းပြီး မကွေးတိုင်းဒေသကြီး ဒုတိယတိုင်းမန်နေဂျာ ဦးမြင့်ဦးနှင့် ခရိုင်မန်နေဂျာ ဦးဦးသာတို့က ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းများက ပေါင်စနစ်ဖြင့် ပျိုးထောင်မှုကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရှိရသည်။* (၁၁၇)

## ဂျီအီးစီသမဝါယမ တောင်ဥက္ကလာပမြို့နယ်၌ စည်းဝေး

*တောင်ဥက္ကလာပမြို့နယ် ဂျီအီးစီ သမဝါယမအသင်းလီမိတက်၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်နှင့် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၉ ရက်က အထက(၅) ကေသရာဇာခန်းမ၌ ကျင်းပရာ ဒါရိုက်တာအဖွဲ့၏အစီရင်ခံစာ၊ အသင်းသားစာရင်းစစ်အဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို အသင်း အတွင်းရေးမှူးကျောင်းအုပ်ဆရာကြီးဦးဝင်းနိုင်က ဖတ်ကြားရှင်းလင်းခဲ့ကြောင်းသိရှိရသည်။* (၀၀၄)

## ရေနေသတ္တဝါများထိန်းသိမ်းရေး သံဖြူဇရပ်၌ဟောပြော

*သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ရှိ ရေထွက်ပစ္စည်းစုဆောင်းသူများအား မျိုးသုဉ်းပျောက်ကွယ်လုဖြစ်နေသော ရှားပါးရေနေသတ္တဝါများ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၈ ရက်က ကျိုက္ခမီမြို့နယ်ငါးလုပ်ငန်းရှင်များအသင်းရုံးတွင်ကျင်းပရာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးလှမင်းဇော် ရှင်းလင်းဟောပြောခဲ့သည်။* (မြို့နယ် ပြန်/ဆက်)

## ရေနံချောင်းမြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ ကျင်းပ

*မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုပွဲကို ဇူလိုင် ၃ ရက် နံနက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၁၀- ၂၀၁၁ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုများချီးမြှင့်ပြီး (၃၃)ကြိမ်မြောက် သွေးလှူရှင် ဒေါ်မြင့်မြင့်ဆွေအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ခဲ့သည်။* **(မြို့နယ် ပြန်/ဆက်)**

## စာရေးကိရိယာများ ကဝမြို့နယ်၌ ထောက်ပံ့လှူဒါန်း

*ကဝမြို့နယ် သပြေကန်အသင်းကျေးရွာ အမက လွန်ကျောင်း၌ ၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအား ဆဋ္ဌမအကြိမ်မြောက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကို ဇွန်၁၂ ရက်က အဆိုပါကျောင်း၌ ကျင်းပရာတာဝန်ရှိသူများက ပညာသင်ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ရခြင်းကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာစန်းသို့ ကျောင်းသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။* (၀၆၄)

## ကလေးသူငယ်စောင့်ရှောက်ရေး လပွတ္တာ၌အလုပ်ရုံဆွေးနွေး

*ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၈ ရက်က လပွတ္တာမြို့သစ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန လူငယ်အားမာန်သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် လူမှုဝန်ထမ်းဦးစီးဌာန ကျောင်းအုပ်ကြီး ဦးအောင်စိုးကျော်တို့က အမှာစကားပြောကြားပြီး Savo The Children မှ ရီယာမန်နေဂျာ ဒေါက်တာမျိုးမြင့်ဟန်က ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရှိရသည်။* **(လူမှုဝန်ထမ်းဦးစီးဌာန)**

## မြန်မာအမျိုးသမီးများနေ့ မိုင်းဆတ်၌ ကျင်းပ

*မိုင်းဆတ်ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက်က ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံးသီရိရတနာခန်းမ၌ကျင်းပရာ မြန်မာအမျိုးသမီးများနေ့အထိမ်း အမှတ်အဖြစ် မြန်မာ့ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲတွင် ဆုရသူများနှင့် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသူတစ်ဦးအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွေးနွေးလင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေမျိုးအေးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။* (ခရိုင် ပြန်/ဆက်)

ရေကြည်မြို့နယ် ကျုံတာ-ဇရပ်လှလမ်းပေါ်ရှိ ကွန်ကရစ်ရေထုတ်ပြွန်ပြုလုပ်ခြင်းလုပ်ငန်းကို ဇွန် ၂၅ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစံလှိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

# အစားမတော်တစ်လုတ် (မှိုဆိပ်သင့်ခြင်းအန္တရာယ်)

အစားမတော်တစ်လုတ်၊ အသွားမတော်တစ်လှမ်းဟူသော ရှေးမြန်မာ ဆိုရိုးစကားတစ်ခုရှိပါသည်။ အစားအစာတစ်ခုကို မစားသုံးမီတွင် မိမိခန္ဓာကိုယ်အတွက် ဘေးဥပဒ်အန္တရာယ်ရှိမရှိကို သေချာကျနစွာ ကြိုတင်၍စိစစ်ပြီးမှ စားသောက်ကြစေလိုသော ရည်ရွယ်ချက်ဖြင့် ရှေးလူကြီးများက စကားအမွေထားခဲ့ခြင်းဖြစ်ပါသည်။ အစာကြောင့် ဘေးဥပဒ်ဖြစ်မှုများကိုတင်ပြရလျှင် အစာတွင် ပါရှိသောဓာတ်များကြောင့် လူခန္ဓာကိုယ်၏ ဇီဝကမ္မဖြစ်စဉ်များ အနှောင့်အယှက်ဖြစ်၍ ရောဂါဖြစ်ပေါ်လာရခြင်းကို ဆိုလိုပါသည်။ အရှင်းဆုံးဥပမာပြရပါလျှင် အငန် သို့မဟုတ် အချိုမှုန့်လွန်ကဲသော အစာတို့ကြောင့် သွေးတိုးရောဂါ (Hypertension) ကို ရရှိခံစားရသည်။ ဒုတိယတစ်မျိုးမှာ အစားအစာထဲတွင် သဘာဝအလျောက်ပါရှိသော အဆိပ်ကြောင့်ဖြစ်သည်။ အများသိသော ဥပမာမှာ ငါးပူတင်း အဆိပ်သင့်ခြင်း (Tetrodotoxin Poisoning) နှင့် မှိုဆိပ်သင့်ခြင်း (Mushroom Poisoning) တို့ဖြစ်သည်။

ကမ္ဘာပေါ်တွင် မှိုမျိုးစိတ်ထောင်ပေါင်းများစွာရှိသည်ဟု မှိုသုတေသီပညာရှင်များက သိရှိထားပါသည်။ သို့သော် စားမိသည့်အခါ ပြင်းထန်သော ဝေဒနာခံစားရစေသည့် သို့မဟုတ် သေစေသည့် မှိုမျိုးစိတ်မှာ အနည်းငယ်သာရှိပါသည်။ မှိုမျိုးစိတ်တစ်ခုသည် ယင်းပေါက်ရောက် ရှင်သန်ကြီးထွားမှုကို အထောက်အကူပြုသည့် ရာသီဥတု၊ ရေ၊ မြေ၊ အာဟာရနှင့် ပြည့်စုံသောဒေသတွင်သာ အစဉ်ပေါက်ရောက်လေ့ရှိသည်။ သို့အတွက်ကြောင့် နေရာဒေသတစ်ခုတွင် တွေ့ရသော မှိုမျိုးစိတ်တစ်ခုကို အခြားတစ်နေရာတွင် တွေ့နိုင်ရန်ခက်ခဲပါသည်။ တွေ့ခဲ့ပါကလည်း ပေါက်ရောက်ရှင်သန် အာဟာရစုပ်ယူကြီးထွားခဲ့ရာ ရေခံ၊ မြေခံ မတူသဖြင့် စားသုံးသည့်အခါ အရသာရှိပုံချင်း၊ ဆေးဖက်ဝင်ပုံချင်း၊ အဆိပ်ဖြစ်စေပုံချင်း ကွဲပြားခြားနားနိုင်ပါသည်။

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)တွင် တည်ထောင်ဖွင့်လှစ်ထားသည့် အမျိုးသားအဆိပ်ထိန်းချုပ်မှုဌာနရှိ ဇီဝအဆိပ်ဗေဒ သုတေသနဌာနခွဲသည် မှိုဆိပ်သင့်မှုဖြစ်စဉ်များကို သုတေသနပြု လေ့လာလျက်ရှိပါသည်။ မှိုဆိပ်သင့်မှုဖြစ်စဉ်များတွင် စားသုံးမိခဲ့ကြသောမှိုများ၌ အဆိပ်များပါရှိမရှိကို သုတေသနပြုလေ့လာကြည့်ရာ ၂၀၁၀ ခုနှစ် ဇူလိုင်လအတွင်းက ရှမ်းပြည်နယ် တုံးတာဒေသမှ မှိုနမူနာတစ်ခု၌လည်းကောင်း၊ ၂၀၁၁ ခုနှစ် မေလတွင် ရှမ်းပြည်နယ် မိုင်းတုံမြို့နယ် မိုင်းကန်ကျေးရွာအုပ်စု ကျကူးလုံကျေးရွာမှ မှိုနမူနာ သုံးခု၌လည်းကောင်း လူကိုသေစေနိုင်သော Amanitin အဆိပ်ဓာတ်ကို စစ်ဆေးတွေ့ရှိခဲ့သည်။

Amanitin အဆိပ်ကို Amanita, Galerina, Leucoagaricus နှင့် Lepiota မျိုးစိတ်ဝင်မှိုများ၌ တွေ့ရှိရတတ်သည်။ Amanita မှိုများကို ဆွတ်ဆွတ်ဖြူသော အဆင်းဖြင့်လည်းကောင်း၊ အချို့ကို အစိမ်းရောင်၊ အဝါရောင်အဆင်းဖြင့်လည်းကောင်း တွေ့ရသည်။ ကျန်မျိုးစိတ်သုံးခုကို အညိုရောင်မှိုသေးသေးလေးများအဖြစ် တွေ့ရတတ်သည်။ Amanitin အဆိပ်သည် လူ၏ကိုယ်ခန္ဓာအတွင်းသို့ ရောက်ရှိသည့်အခါ အသည်းကလာပ်စည်းများ၏ Nucleoplasnis RNA polymerase enzyme လုပ်ငန်းကို ဖျက်ဆီးလိုက်သည်။ ထိုအခါ အသည်းကလာပ်စည်းများ ပျက်စီးကြရကာ အလွန်ပြင်းထန်သော အသည်းရောင်ဝေဒနာ ရုတ်ခြည်းဖြစ်ပေါ်လာသည်။ ဤအဆိပ်သည် ကျောက်ကပ်ကိုလည်း တိုက်ရိုက်ထိခိုက်ပျက်စီးစေသည်။ နှလုံးကြွက်သားနှင့် အခြားကြွက်သားများကိုလည်း ပျက်စီးစေသည်။ သို့ပါ၍ ကိုယ်ခန္ဓာတွင် အရေးကြီးအင်္ဂါအစိတ်အပိုင်းများကို ထိခိုက်ပျက်စီးခြင်းကြောင့် အသက်အန္တရာယ်ဆုံးရှုံးမှုကို ဖြစ်ပွားစေပါသည်။

**မှိုဆိပ်သင့်လက္ခဏာများ**

မှိုဆိပ်သင့်သည့်အခါ ဖြစ်ပေါ်ခံစားရသည့် လက္ခဏာဝေဒနာများအရ အဆိပ်မှိုများကို အဓိကအုပ်စုလေးခု ခွဲခြားထားပါသည်။ ပထမအုပ်စုရှိ မှိုဆိပ်သည် သွေးသားကလာပ်စည်းများကို ဖျက်ဆီးပစ်သဖြင့် ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများ၏လုပ်ငန်းကို ယိုယွင်းစေပါသည်။ ဒုတိယအုပ်စုသည် အာရုံကြောများကို အဆိပ်သင့်စေသဖြင့် သွေးထွက်လွန်ခြင်း၊ မေ့မျောခြင်း၊ တက်ခြင်း၊ ကယောင်ချောက်ချားဖြစ်ခြင်း၊ စိတ်လှုပ်ရှားခြင်း၊ စိတ်ဓာတ်ကျဆင်းခြင်းနှင့် အူမကြီးတောင့်တင်းခြင်း လက္ခဏာများဖြစ်ပေါ်ကြသည်။ တတိယအုပ်စုသည် အစာအိမ်နှင့် အူလမ်းကြောင်းလက္ခဏာများဖြစ်သည့် ပျို့ခြင်း၊ အန်ခြင်း၊ အလွန်အမင်းဗိုက်နာခြင်းနှင့် ဝမ်းလျှောခြင်းများဖြစ်ပေါ်စေသည်။ စတုတ္ထအုပ်စုသည် အဆိပ်မရှိသောမှိုကို အရက်နှင့်နီးကပ်စွာ စားသုံးမိ၍ မျက်နှာသွေးရောင်ဖြန်းခြင်း၊ ချွေးထွက်ခြင်း၊ အသက်ရှူရခက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ အိပ်ချင်မူးတူးဖြစ်ခြင်း၊ သွေးပေါင်ကျခြင်း၊ ပျို့ခြင်းနှင့် အန်ခြင်းစသော လက္ခဏာများ ခံစားရခြင်းဖြစ်ပါသည်။

**မှိုပွင့်တစ်ပွင့် အဆိပ်ရှိ မရှိ ဘယ်လိုဆုံးဖြတ်မလဲ**

မှိုပွင့်တစ်ပွင့်အဆိပ် ရှိမရှိကို ဆုံးဖြတ်ရန်အတွက် တိကျသေချာ လုံလောက်သည့် စံပြုထားသော သတ်မှတ်ချက်များမရှိပါ။ အမြဲပေါက်နေကျနေရာမှ နုတ်ယူခဲ့သည်ဆိုသော အချက်သည်လည်းကောင်း၊ မှိုပေါက်ရာ သို့မဟုတ် မှိုပွင့်များပေါ်တွင် အင်းဆက်ပိုးမွှားများ၊ ပက်ကျိများတွေ့ရ၍ ယင်းတို့က မှိုကိုစားနေသည်ကို မျက်မြင်ဖြစ်၍ အန္တရာယ်မရှိဟူသော ယူဆချက်သည်လည်းကောင်း ခိုင်လုံမှုမရှိကြပါ။

မှိုပွင့်တစ်ပွင့်၏ အနံ့အသက်နှင့် အရသာတို့သည်လည်း ယင်းကို အဆိပ်ရှိ မရှိ ညွှန်ပြသည့် လုံလောက်သောသာဓကများ မဟုတ်ကြပါ။ ထို့ကြောင့် ရှေးဘိုးဘွားဘီဘင်များ၏ အတွေ့အကြုံများမှ လက်ဆင့်ကမ်းရရှိလာသော ဗဟုသုတများကို စုပေါင်း၍ အဆိပ်ရှိသောလက္ခဏာဟု ယေဘုယျလက်ခံထားကြသည့် အောက်ပါအချက်များကို သိရှိထားကြလျှင် မှိုဆိပ်သင့်မှုကို အတော်အသင့် ကာကွယ်နိုင်ကြပါလိမ့်မည်။ အဆိပ်ရှိသည်ဟု ယူဆရမည့်မှိုများမှာ-

(က) ဆွတ်ဆွတ်ဖြူသော မှိုများ
(ခ) အညိုရောင် မှိုသေးသေးမွှားမွှားများ
(ဂ) အညိုရောင် မှိုပွင့်ကြီးများ
(ဃ) အနီရောင် ပန်းရောင်အဆင်းရှိသော မှိုများ
(င) မှိုပွင့်ကို လက်နှင့်ခြေပွတ်သည့်အခါ အနီရောင်အရည်ထွက်ခြင်း
(စ) မှိုရိုးတံကို ဓားနှင့်ဖြတ်ပါက ဖြတ်နေစဉ် ညိုပြာသွားခြင်း
(ဆ) မှိုပေါ်သို့ ဆားဖြူးကြည့်ပါက ညိုမည်းလာခြင်း
(ဇ) မှိုကိုဆားရည်နှင့် စိမ်ကြည့်ပါက အရောင်ညို ပြာနက်လာခြင်း
(ဈ) မှိုရိုးတံကို လက်နှင့်ခြေသည့်အခါ ကြေမွသွားခြင်း
(ည) မှိုပွင့်ထိပ်၌ အကြေးခွံကဲ့သို့ အဖတ်များရှိနေခြင်း
(ဋ) မှိုရိုးတံအထက်ပိုင်း၌ အရစ်ပါရှိခြင်း
(ဌ) မှိုရိုးတံ၏အောက်ပိုင်း၌ ခြေကျင်းဝတ်ကဲ့သို့ အရစ်ပါခြင်း

တို့ဖြစ်ကြပါသည်။

**ဒေါက်တာသောင်းလှ၊ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)**

**မှိုဆိပ်စစ်ဆေးခြင်း**

မှိုပွင့်နမူနာတွင် လူကိုသေစေနိုင်သော Amanitin ပါရှိ/မရှိကို ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၊ အမျိုးသားအဆိပ်ထိန်းချုပ်မှုဌာနရှိ ဇီဝအဆိပ်ဗေဒသုတေသနဌာနခွဲတွင် သုတေသနပြု စစ်ဆေးပေးပါသည်။မှိုဆိပ်သင့်မှုဖြစ်စဉ်တွင် စားသုံးမိခဲ့ကြသော မှိုပွင့်လက်ကျန်ကို သက်ဆိုင်ရာကျန်းမာရေးဌာနမှတစ်ဆင့် ပေးပို့ရပါမည်။ မှိုပွင့်ကို ခြောက်သွေ့ပြီး ရေခိုးရေငွေ့စုပ်ယူနိုင်သော စက္ကူအိတ်၊ စက္ကူဘူးဖြင့်ထည့်ရန် လိုအပ်သည်။ လေဝင်လေထွက်ကောင်းသော ဝါး၊ ကြိမ်ခြင်းတောင်းငယ်တွင်လည်း ထည့်နိုင်သည်။ မှိုပွင့်ကို ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် စသည်တို့နှင့် လုံးဝမထည့်ရပါ။ မှိုပွင့်ကို လေလုံသည့် အိတ်၊ ဘူး၊ ခွက်၊ တောင်း၊ ပလတ်စတစ်အိတ်များ၌ထည့်ပါက နွမ်းရိပုပ်ပွသွားလျက် ဓာတ်ခွဲစစ်ဆေးမှုကို အနှောင့်အယှက်ဖြစ်စေပြီး ရရှိလာသော စစ်ဆေးချက်အဖြေမှန်ကန်မှု မရှိတော့ပါ။

မှိုပွင့်မှာ အဆိပ်မရှိပါက စားကောင်းသောမှိုဖြစ်ပါသည်။ သို့သော် မှိုဟင်းစားပြီး အဆိပ်သင့်ဝေဒနာ ပေါ်ပေါက်ခဲ့လျှင် အောက်ပါအကြောင်းတစ်ခုခုကြောင့်ဖြစ်နိုင်ပါသည်-

(က) မှိုကို အဆမတန် အများအပြား စားသုံးခြင်း
(ခ) လတ်ဆတ်မှုမရှိသည့် ပုပ်သိုးနေသော မှိုကို စားမိခြင်း
(ဂ) မှိုကလည်း လတ်ဆတ်ပါသည်။ စားသည့်ပမာဏလည်း နည်းသည်။ သို့သော် တွဲဖက်ချက်ပြုတ်သော အမယ်များကအဆိပ်ဖြစ်နေခြင်း
(ဃ) ပိုးသတ်ဆေးဖျန်းပြီးခါစ မှိုများကိုစားမိခြင်း(ပိုးသတ်ဆေး အဆိပ်သင့်ခြင်း)
(င) အရက်နှင့် တွဲဖက်စားသုံးမိခြင်း (သီးခြားရှင်းလင်းထားပါသည်)
(စ) ချက်ပြုတ်သည့် အိုးခွက်ကြောင့် အဆိပ်သင့်ခြင်း
(ဆ) မှိုကိုကိုင်တွယ်ပြင်ဆင်သူထံမှ ကူးစက်လာသော ဗက်တီးရီးယားပိုးများကြောင့် အစာအဆိပ်ဖြစ်ခြင်း
(ဇ) မှိုကို စည်သွတ်ဘူး၌ ထည့်သွင်းသည့်လုပ်ငန်းတွင် သန့်ရှင်းမှု နည်းပါးခြင်းကြောင့် ပါရှိလာတတ်သော ဘော်ကျူလိုင်နန် (Botulinum) အဆိပ်သင့်ခြင်း။

**မှိုစားသုံးတော့မည်ဆိုလျှင်**

မှိုကျင်းမှ နုတ်ယူရရှိ၍ဖြစ်စေ၊ ဈေးသည်ထံမှ ဝယ်ယူသည်ဖြစ်စေ၊ တစ်စုံတစ်ယောက်က လက်ဆောင်ပေး၍ဖြစ်စေ ရရှိလာသောမှိုများကို ချက်ပြုတ်စားသောက်တော့မည်ဆိုလျှင် မှိုပွင့်အားလုံးကိုမချက်ဘဲ အနည်းဆုံးတစ်ပွင့် ချန်ထားသင့်ပါသည်။ အကယ်၍ မှိုဟင်းကို စားသုံးပြီးနောက် ရှေ့တွင်ဖော်ပြခဲ့သော အဆိပ်သင့်လက္ခဏာဝေဒနာများ ဖြစ်ပေါ်ခံစားခဲ့ရသည်ဆိုလျှင် မိမိနှင့်အနီးကပ်ဆုံး ဆေးရုံ ဆေးပေးခန်းသို့ ချန်ထားသောမှိုပွင့်ကို တစ်ပါတည်း ယူဆောင်သွားရောက်ပြသရမည်။ ဆေးရုံသို့ ရောက်သည့်အခါ တာဝန်ခံဆရာဝန်ထံ ချန်ထားသောမှိုပွင့်ကို ပေးအပ်ခြင်းဖြင့် ဆေးကုသပေးသော ဆရာဝန်သည် ယင်းမှိုကို အဆိပ်ရှိ မရှိ လေ့လာဆန်းစစ်နိုင်လိမ့်မည်ဖြစ်သည်။

အချို့သောမှိုများ ဥပမာ-Armillariella mellea (Honey mushroom) တို့သည် အစိမ်းစားလျှင် အဆိပ်ဖြစ်သည်။ သို့သော် ချက်စားပါက အဆိပ်မဖြစ်ပါ။ Amanita အုပ်စုဝင်မှိုအချို့၌ ပါရှိတတ်သည့် Phallin နှင့် Phalloidin အဆိပ်များသည်လည်း ချက်ပြုတ်မှုကြောင့် အာနိသင်ပျက်ပြယ်ပြီး လူကိုအန္တရာယ်မဖြစ်စေတော့ပါ။ သို့ရာတွင် အဆိုပါမှိုများသည် ခြွင်းချက်သာဖြစ်ပါသည်။ သို့ပါ၍ ယေဘုယျအားဖြင့် အဆိပ်ဖြစ်စေသော မှိုအများစုတွင် ပါရှိနေသော အဆိပ်ဓာတ်ကို ချက်ပြုတ်ခြင်း၊ စည်သွတ်ဘူး၌ ထည့်သွင်းခြင်း၊ အအေးခံသိမ်းဆည်းခြင်း စသော မည်သည့်ပြုပြင်နည်းနှင့်မျှ ပျက်စီးစေရန် မပြုလုပ်နိုင်ပါ။

**မှိုနှင့်အရက်ကို တွဲဖက်စားသုံးသင့်ပါသလား**

မှိုတွင်အဆိပ်မရှိသော်လည်း အရက်နှင့် ဓာတ်တုံ့ပြန်သော ဝေဒနာဖြစ်သည့် Disulfiram reaction ပေါ်ပေါက်ခံစားရတတ်သည်။

Black more (Morchella angusticeps)နှင့် Sulfur Polypore (Laetiporus Sulfurous) မှိုအုပ်စုများတွင်ပါသော မည်သည့်မှိုကိုမဆို အရက်နှင့်ရောနှောသုံးဆောင်မိလျှင် သို့မဟုတ် ၎င်းမှိုစားသုံးပြီးသည့်နောက် ၇၂ နာရီ အတွင်း၌ အရက်သောက်မိလျှင် အထက်ပါ ဓာတ်တုံ့ပြန်မှုကို ခံစားရသည်။ သို့ဖြစ်ပါ၍ စားသုံးနေကျပင်ဖြစ်သော်လည်း၊ အဆိပ်မရှိကြောင်း သေချာသော်လည်း မည်သည့်မှိုကိုမျှ အရက်နှင့်တွဲဖက်၍ မှီဝဲခြင်းကိုလည်းကောင်း၊ မှိုစားသုံးပြီးနောက် ၇၂ နာရီအတွင်း၌ အရက်သောက်ခြင်းကိုလည်းကောင်း ရှောင်ကြဉ်သင့်ပါသည်။

အထက်တွင် ဖော်ပြခဲ့သော အကြောင်းခြင်းရာများကို ပေါင်းချုံကြည့်လိုက်ပါက မိမိတို့အနေနှင့် သတိထားမှတ်သားဖွယ်ရာ မှာကြားချက်တစ်ရပ် ပေါ်ထွက်လာပါသည်။

မှိုသည် အရသာအလွန်ရှိ၍ စားချင့်စဖွယ်ဖြစ်သည်မှန်ပါ၏။ သို့သော် အချိန်မရွေး အဆိပ်ဖြစ်နိုင်ပါသည်။ ထို့ကြောင့် သတိထားစားသုံးသင့်ပါသည်။ လူအများစားသုံးကြသော မှိုများကိုသာစားပါ။ ဆောင်းပါးတွင် ဖော်ပြထားသော အဆိပ်ရှိမှုကို သိရှိနိုင်သည့် သွင်ပြင်လက္ခဏာများနှင့် စမ်းသပ်ချက်များကို မပြသည့် မှိုပင်ဖြစ်စေကာမူ မိမိမစားသုံးဖူးလျှင်၊ လူအများစားသုံးခြင်းမပြုလျှင် မိမိက စမ်းသပ်စားသုံးခြင်း လုံးဝမပြုလုပ်ကြပါနှင့်ဟူ၍ ဖြစ်ပါသည်။

လူ့လောကတွင် အသက်ရှည်သော မှိုရှာဖွေသူများရှိပါသည်။ ရဲစွမ်းသတ္တိနှင့်ပြည့်စုံသော မှိုရှာဖွေသူများလည်းရှိပါသည်။ သို့သော်ရဲစွမ်းသတ္တိနှင့်လည်းပြည့်စုံ၊ အသက်လည်းရှည်သော မှိုရှာဖွေသူများ မရှိကြပါဟူသော အနောက်တိုင်း ဆိုရိုးစကားတစ်ခုရှိပါသည်။ ရဲစွမ်းသတ္တိနှင့်ပြည့်စုံသူ မှိုရှာဖွေသမားများသည် မိမိရရှိလာသောမှိုကို (မစူးစမ်းမဆင်ခြင်ဘဲ) စားသောက်တတ်သဖြင့် အသက်ကြီးသည်အထိ မနေရကြောင်းပေါ်လွင်သည်။ အသက်ရှည်သောမှိုရှာဖွေသူများသည် ရှာတွေ့သော မှိုကို လက်လွတ်စပယ်မစားဘဲ အဆိပ်အန္တရာယ် ရှိမရှိလေ့လာပြီးမှ စားတတ်၍ အသက်ရှည်နေကြောင်း သိရသည်။ သို့အတွက် ရဲရင့်ပြီးအသက်ရှည်သော မှိုရှာသမားမရှိဟု ဆိုရိုးပြုသတိပေးထားကြခြင်းဖြစ်ပါသည်။

အထက်ဖော်ပြပါ အချက်များကို ဖတ်ရှုလေ့လာခြင်းဖြင့် မှိုကြောင့် အဆိပ်သင့်မှုဖြစ်ပေါ်မည့် အန္တရာယ်ကင်းဝေးပါစေကြောင်း ဆန္ဒပြုလိုက်ရပါသတည်း။ ။

● *ကျောဖုံးမှ*

*ဂျပန်အမျိုးသမီးအသင်းကတော့ အကြိုဗိုလ်လုပွဲမှာ ဆွီဒင်အမျိုးသမီးဘောလုံးအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ ပြတ်ပြတ်သားသား အနိုင်ယူပြီး ဗိုလ်လုပွဲကို တက်လာတဲ့ အသင်းပါ။ ဂျပန်အမျိုးသမီးအသင်းဟာ ငယ်ရွယ်တဲ့ လူငယ်ကစားသမားတွေနဲ့ ဖွဲ့စည်းထားသလို Team work လို့ခေါ်တဲ့ အသင်းလိုက် စုစည်းမှုအားကောင်းတဲ့ အသင်းပါ။ အထူးသဖြင့် ဂျပန်အမျိုးသမီး ကွင်းလယ်ကစားသမားကာဝါဆူမီဟာ အုပ်စုမှ ဗိုလ်လုပွဲသို့ တက်ရောက်လာရာ ပြိုင်ပွဲများတစ်လျှောက် ပြိုင်ဘက်အသင်းတွေကို ခြိမ်းခြောက်ဂိုးများ သွင်းယူခဲ့သူဖြစ်ပါတယ်။*

***ကြံ့ကြံ့ခံယှဉ်ပြိုင်***

*တစ်ဖန် အမေရိကန်အမျိုးသမီးအသင်းဟာလည်း အကြိုဗိုလ်လုပွဲမှာ နာမည်ကြီး ပြင်သစ်အမျိုးသမီးအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူခဲ့တဲ့အသင်းပါ။ အထူးသဖြင့် အမေရိကန်အမျိုးသမီးအသင်းဟာ အတွေ့အကြုံရင့်ကျက်တဲ့ သမ္ဘာရင့်ဝါရင့် ကစားသမားတွေ ပါဝင်ကစားခဲ့တာကြောင့် ဘောလုံးကျွမ်းကျင်မှုအပိုင်းမှာရော စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှု အပိုင်းမှာပါ အပြည့်အဝရှိတဲ့အသင်းဖြစ်ပါတယ်။ ကွာတားဖိုင်နယ်မှာ လူတစ်ယောက် ထုတ်ပယ်ခံရ သည့်တိုင်အောင် ပြိုင်ဘက်ဘရာဇီးအသင်းကို ကြံ့ကြံ့ခံယှဉ်ပြိုင်အနိုင်ယူသွားတဲ့ အသင်းပါ။ အကြိုဗိုလ်လုပွဲမှာဆိုရင်လည်း ပြိုင်ဘက်ပြင်သစ်အသင်းကို ပွဲပြီးဖို့ ခုနစ်မိနစ်အလိုမှာ တစ်ဖက်တစ်ဂိုးစီ သရေဖြစ်နေရာကနေ နှစ်ဂိုးဆက်တိုက်သွင်းပြီး ဗိုလ်လုပွဲသို့ တက်လာနိုင်ခဲ့တဲ့အသင်းလည်း ဖြစ်ပါတယ်။ အမေရိကန်အမျိုးသမီးအသင်းရဲ့ အဓိကအားသာချက်တစ်ခုကတော့ ဂိုးသမား ဆိုလိုကြောင့်ပါ။ သူမဟာ တစ်ဖက်*

၂၀၁၁ အမျိုးသမီးကမ္ဘာ့ဖလား တတိယနေရာလုပွဲတွင် ပြင်သစ်အမျိုးသမီးအသင်းကို အနိုင်ရပြီး ဆွီဒင်အမျိုးသမီးဘောလုံးအသင်း ဤသို့ အောင်ပွဲခံခဲ့သည်။

*အသင်းရဲ့ အပိုင်ကန်သွင်းချက်တွေကို ပိတ်ဆို့ဟန့်တားနိုင်တဲ့ ဂိုးသမားကောင်းတစ်ဦးဖြစ်ပါတယ်။ ဒါကြောင့်လည်း အမေရိကန်အမျိုးသမီးအသင်းဟာ ၁၉၉၁ ခုနှစ်နဲ့ ၁၉၉၉ ခုနှစ်တွေမှာ ဗိုလ်စွဲခဲ့ပြီးဖြစ်လို့ သုံးထပ်ကွမ်း ချန်ပီယံဖြစ်ဖို့ ဒီနှစ်မှာလည်း ရေကုန်ရေခန်း ခြေကုန်ထုတ် ကစားမယ်လို့ မျှော်လင့်ရပါတယ်။*

*အမေရိကန်အမျိုးသမီးဘောလုံးအသင်းဟာ ၁၉၉၅၊ ၂၀၀၃နဲ့ ၂၀၀၇ ခုနှစ်တွေမှာ တတိယရရှိခဲ့တဲ့ အသင်းလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ အမေရိကန်အမျိုးသမီးအသင်းဟာ အတွေ့အကြုံအရ အားသာချက်ရှိနေတဲ့ အသင်းဖြစ်ပါတယ်။*

***အကောင်းဆုံးယှဉ်ပြိုင်***

*ဂျပန်အမျိုးသမီးအသင်းကလည်း ယခုနှစ် ဗိုလ်စွဲနိုင်ခဲ့မယ်ဆိုရင်ဖြင့် ဂျပန်နှင့် အာရှအမျိုးသမီးဂုဏ်ကို ဆောင်နိုင်မှာဖြစ်တဲ့အတွက် သူတို့ရဲ့ စုစည်းမှုအားတွေနဲ့ အကောင်းဆုံးယှဉ်ပြိုင်သွားမယ်လို့ မျှော်လင့်ရပါတယ်။*

*ဂျပန်အမျိုးသမီးဘောလုံးအသင်းဟာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ပထမဆုံးတက်ရောက်လာတဲ့အသင်းဖြစ်ပေမယ့် အမေရိကန်ကို အနိုင်ရဗိုလ်စွဲနိုင်တဲ့ ခြေစွမ်းရှိတဲ့အသင်းလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ဂျပန်အမျိုးသမီးအသင်းဟာ အာရှအမျိုးသမီးဘောလုံးအသင်းရဲ့ သမိုင်းမှတ်တိုင်သစ်ကို စိုက်ထူနိုင်လိမ့်မယ်လို့ မျှော်လင့်ရပါတယ်။*

***ရေပန်းစား***

*ဘောလုံးပရိသတ်တွေ စိတ်ဝင်စားနေတဲ့ ဂျပန်နဲ့ အမေရိကန်တို့ရဲ့ ဗိုလ်လုပွဲကိုတော့ ဂျာမနီနိုင်ငံ ဖရန့်ဖွတ်မြို့မှာ ယနေ့ညပိုင်းတွင် ကစားကြမှာပါ။ ဒီပွဲကို မြန်မာစံတော်ချိန်အရဆိုလျှင် ဇူလိုင် ၁၈ ရက် နံနက် ၁း၁၅ နာရီမှာ ကစားကြမှာ ဖြစ်ပါတယ်။ တကယ်စိတ်လှုပ်ရှားဖွယ်ရာ ပြိုင်ပွဲပါပဲ။ ဒီပြိုင်ပွဲမှာ ဂျပန်ကွင်းလယ်ကစားသမားကာဝါဆူမီ ဂျပန်အသင်းအတွက် အနိုင်ဂိုးသွင်းနိုင်မယ်လို့ ရေပန်းစားနေပါတယ်။*

*သူမဟာ ပြီးခဲ့တဲ့ အကြိုဗိုလ်လုပွဲမှာလည်း နှစ်ဂိုးသွင်းယူနိုင်ခဲ့သူ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အာရှသူ ဂျပန်တို့ အမေရိကန်ကိုနိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်မယ်လို့ သုံးသပ်မိပါတယ်။*

***တတိယနေရာ***

*ဇူလိုင် ၁၆ ရက် ညပိုင်းက ပြင်သစ်အမျိုးသမီးဘောလုံးအသင်းနဲ့ ဆွီဒင်အမျိုးသမီးဘောလုံးအသင်းတို့ တတိယနေရာလုပွဲအဖြစ် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြပါတယ်။*

*တတိယနေရာလုပွဲမှာ အဝါရောင်ဆွီဒင်အမျိုးသမီးအသင်းက ပွဲစပြီး ၂၉ မိနစ်အကြာမှာ ဂျီအင်က အဖွင့်ဂိုးသွင်းယူခဲ့ပါတယ်။ အပြာရောင် ပြင်သစ်အမျိုးသမီးအသင်းက ချေပဂိုးရရှိရေး တန်ပြန်တိုက်စစ် ကစားရာမှာ ပွဲချိန် ၅၉ မိနစ်မှာ သောမစ်က ချေပဂိုးသွင်းယူခဲ့ပါတယ်။ ပွဲချိန် ၆၈ မိနစ်မှာ ဆွီဒင်အသင်းမှ ကွာဗစ် အထုတ်ခံရပါတယ်။ ဆွီဒင်အမျိုးသမီးအသင်းဟာ ၁၀ ယောက် ၁၁ ယောက် ကစားရပေမယ့် ပြင်သစ်အသင်းကို ပြန်လည်ခြိမ်းခြောက် ကစားနိုင်ခဲ့ပြီး ပွဲချိန် ၈၂ မိနစ်မှာ ဆွီဒင်အသင်းအတွက် အနိုင်ဂိုးကို ဟာမာစတောင်းက သွင်းယူနိုင်ခဲ့တာကြောင့် ပြင်သစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ပြီး ယခုနှစ်အတွက် တတိယဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ။*

***ကိုးကား-အင်တာနက်***

**အားကစားဖြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

(ဓာတ်ပုံ ဘေးစာ) သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် နဝမအကြိမ် အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီ အစည်းအဝေးကျင်းပရေး ဗဟိုကော်မတီ၏ ပထမအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီ အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၆

**နဝမအကြိမ် အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီ အစည်းအဝေးကို ဩဂုတ် ၄ ရက်နှင့် ၅ ရက်တို့တွင် နေပြည်တော်၌ ကျင်းပနိုင်ရေးအတွက် အစည်းအဝေးကျင်းပရေးဗဟိုကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ဇူလိုင် ၁၄ ရက် ညနေ ၄ နာရီခွဲတွင် သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် တက်ရောက်အမှာစကားပြောကြားသည်။**

## တက်ရောက်

အဆိုပါအစည်းအဝေးသို့ အာဆီယံ အစည်းအဝေးကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌများ၊ လုပ်ငန်းကော်မတီဝင်များနှင့် ကျောက်မီးသွေးတူးဖော် ထုတ်လုပ်ရေးကုမ္ပဏီများမှ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။ အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက နဝမအကြိမ် အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီ အစည်းအဝေးကို ဩဂုတ်လပထမပတ်အတွင်း မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် နေပြည်တော်၌ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းပေးထားသော လုပ်ငန်းကော်မတီအလိုက် လိုအပ်သောအစီအမံများကို ကြိုတင်ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ကြရန်နှင့် အစည်းအဝေးကို နိုင်ငံတကာ အဆင့်မီကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီအသီးသီးတွင် ပါဝင်သည့် ကျောက်မီးသွေးတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းရှင်များက မိမိတို့ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးညှိနှိုင်းကြရန် မှာကြားသည်။

## ပေါင်းစပ်ညှိနှိုင်း

ယင်းနောက် တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေး ညှိနှိုင်းကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပုသိမ်မြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၆

**ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဇူလိုင် ၁၆ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ပုသိမ်မြို့နယ် တွန်ပလွန်ကျေးရွာအုပ်စု၌ ကျင်းပသည့် ပုသိမ်ရောဆန်စပါးအထူးပြု ကုမ္ပဏီလီမိတက် အမှတ်(၁)က လယ်ယာကုန်ထုတ်အသင်းအား စိုက်ပျိုးစရိတ်နှင့် သွင်းအားစုများပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။**

## ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ပုသိမ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးပါစည်က လယ်ယာကုန်ထုတ်အသင်းများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုနှင့် အထူးပြုကုမ္ပဏီများက လယ်ယာကုန်ထုတ်အသင်းများသို့ ပံ့ပိုးဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြပြီး ပုသိမ်ရောဆန်စပါးအထူးပြုကုမ္ပဏီလီမိတက် အမှတ်(၁) မန်နေဂျင်းဒါရိုက်တာ ဦးဝင်းမြင့်လှိုင်က ပံ့ပိုးပစ္စည်းများ ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## ဖြည့်စွက်ဆွေးနွေး

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးမန်နေဂျာ ဦးမြင့်သိန်းက စိုက်ပျိုးရေးခြံများ၌ မျိုးကောင်း၊ မျိုးသန့်စပါးမျိုးများ စနစ်တကျ မျိုးပွားဆောင်ရွက်ထားရှိမှုကို ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်စိုးက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်စွက်ဆွေးနွေး တင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တောင်သူများအတွက် လိုအပ်သော စိုက်ပျိုးနည်းစနစ်များ၊ အရင်းအနှီးများ၊ သွင်းအားစုများကို ထောက်ပံ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းမှာကြားပြီး စိုက်ပျိုးရေးခြံအတွင်း သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် ပျိုးထောင်၍ စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

## ကြည့်ရှုအားပေး

ထို့နောက် လယ်ယာကုန်ထုတ်အသင်းရှိ တောင်သူများအား စိုက်ပျိုးစရိတ်နှင့် သွင်းအားစုများ ပံ့ပိုးပေးအပ်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၁၆

| စဉ် | တိုင်းဒေသကြီးနှင့်ပြည်နယ် | အပူချိန်(စင်တီဂရိတ်) | | မနက်ဖြန်အတွက် | |
|---|---|---|---|---|---|
| | | အမြင့်ဆုံး | အနိမ့်ဆုံး | ခန့်မှန်းချက် | ရွာရန်ရာနှုန်း |
| ၁ | ကချင်ပြည်နယ် | ၃၃ | ၂၄ | နေရာအနှံ့အပြားမိုးထစ်ချုန်း | ၈၀% |
| ၂ | ကယားပြည်နယ် | ၂၆ | ၂၀ | နေရာကျဲကျဲမိုးထစ်ချုန်း | ၈၀% |
| ၃ | ကရင်ပြည်နယ် | ၂၉ | ၂၄ | နေရာအနှံ့အပြားမိုးထစ်ချုန်း | ၈၀% |
| ၄ | ချင်းပြည်နယ် | ၂၂ | ၁၄ | နေရာစိပ်စိပ်မိုးထစ်ချုန်း | ၈၀% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း) | ၃၀ | ၂၃ | နေရာစိပ်စိပ်မိုးထစ်ချုန်း | ၈၀% |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း) | ၃၈ | ၂၅ | နေရာကျဲကျဲမိုးထစ်ချုန်း | ၈၀% |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၂၉ | ၂၄ | နေရာအနှံ့အပြားမိုးထစ်ချုန်း | ၈၀% |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၂၈ | ၂၂ | နေရာစိပ်စိပ်မိုးထစ်ချုန်း | ၈၀% |
| ၉ | မကွေးတိုင်းဒေသကြီး | ၃၃ | ၂၆ | နေရာကျဲကျဲမိုးထစ်ချုန်း | ၈၀% |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၃၄ | ၂၇ | နေရာကျဲကျဲမိုးထစ်ချုန်း | ၈၀% |
| ၁၁ | မွန်ပြည်နယ် | ၂၉ | ၂၄ | နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီးနိုင် | ၈၀% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၃၂ | ၂၄ | နေရာအနှံ့အပြားမိုးထစ်ချုန်း | ၈၀% |
| ၁၃ | ရခိုင်ပြည်နယ် | ၂၉ | ၂၃ | နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီးနိုင် | ၈၀% |
| ၁၄ | ရှမ်းပြည်နယ်(တောင်ပိုင်း) | ၂၁ | ၁၈ | နေရာစိပ်စိပ်မိုးထစ်ချုန်း | ၈၀% |
| ၁၅ | ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၂၈ | ၂၂ | နေရာစိပ်စိပ်မိုးထစ်ချုန်း | ၈၀% |
| ၁၆ | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၂၉ | ၂၂ | နေရာစိပ်စိပ်မိုးထစ်ချုန်း | ၈၀% |
| ၁၇ | ဧရာဝတီတိုင်းဒေသကြီး | ၃၀ | ၂၄ | နေရာစိပ်စိပ်မိုးထစ်ချုန်း | ၈၀% |
| ၁၈ | နေပြည်တော်နှင့် အနီးတစ်ဝိုက် | ၃၂ | ၂၄ | နေရာကွက်ကျားမိုးထစ်ချုန်း | ၈၀% |
| ၁၉ | ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် | ၃၂ | ၂၄ | မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်း | ၈၀% |
| ၂၀ | မန္တလေးမြို့နှင့် အနီးတစ်ဝိုက် | ၃၄ | ၂၇ | နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင် | ၆၀% |

| | |
|---|---|
| ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ် | လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ |
| ဘင်္ဂလားပင်လယ်အော်အခြေအနေ | ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ |
| မြန်မာ့ပင်လယ်ပြင်အခြေအနေ | မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ |
| နောက်နှစ်ရက်အတွက်ခန့်မှန်းချက် | မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။ |

# နေပြည်တော် မီးသတ်ညွှန်မှူး ဇေယျာသီရိမြို့နယ်၌ တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၆**

နေပြည်တော် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းကျော်ကျော်သည် ဇူလိုင် ၁၅ ရက် မွန်းလွဲ ၂ နာရီက ဇေယျာသီရိမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း ခန်းမ၌ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံ၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ မှာကြားချက်များအား ရှင်းလင်းပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က သဘာဝဘေးအန္တရာယ် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့များ ဆောင်ရွက်ထားရှိရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဖာပွန်မြို့၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ဖာပွန် ဇူလိုင် ၁၆**

ကရင်ပြည်နယ် ဖာပွန်မြို့တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၈ ရက်က ဖာပွန်ခရိုင် ခုတင်(၁၀၀) ပြည်သူ့ဆေးရုံဝင်းအတွင်း ကျင်းပရာ ဖာပွန်ခရိုင် အုပ်ချုပ်ရေးမှူး ဦးစောမြတ်ထွဋ်ဝင်း**(အပေါ်ပုံ)**၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ သစ်တောဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ရတနာတန်းဝင် ကျွန်း၊ မဟော်ဂနီ၊ ယူကလစ်၊ စိန်ပန်းကြီး စုစုပေါင်းသစ်ပင် ၄၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းအလှူကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၆**

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)၏ ဒသမအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်း အမှတ် ၅၇ ရှိ ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်) ဓမ္မာရုံ (မင်္ဂလာမဏ္ဍိုင်ကျောင်းတိုက်ဝင်းအတွင်း ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး)တွင် ကျင်းပမည်ဖြစ်ရာ အသင်းအမှုဆောင်မိသားစုများ၊ အသင်းသူအသင်းသားများ၊ ဒေးဒရဲမြို့နယ်သူ မြို့နယ်သားများ၊ ဆွေမျိုးမိတ်သင်္ဂဟများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ဦးမျိုးလွင် ဖုန်း-၅၄၄၂၇၃၊ ဦးစိုးသိန်း ဖုန်း-၂၄၅၉၂၃၊ ဒေါ်ခင်စောလှ ဖုန်း-၅၀၀၁၆၁၊ ဒေါ်ခင်ရီ ဖုန်း-၅၂၄၂၅၅ နှင့် အသင်းအမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

## ကျင်းပမည်

အလားတူ ဇူလိုင် ၃၁ ရက် နံနက်တွင် ဒေးဒရဲမြို့လယ်ရှိ မင်္ဂလာကန်ကျောင်း၌ တတိယအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို သွားရောက်ကျင်းပမည်ဖြစ်သဖြင့် ရန်ကုန်ရောက် ဒေးဒရဲမြို့နယ်သူ မြို့နယ်သားများ၊ အမှုဆောင်မိသားစုများ လိုက်ပါနိုင်ရန် ဇူလိုင် ၃၁ ရက် နံနက် ၇ နာရီတွင် ဒလမြို့ဘက် ကားဂိတ်မှ ကားများထွက်မည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာနှင့်စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၁၆**

၂၀၁၁ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

ထိုသို့ ပြောကြားရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံ လူဦးရေ၏ လေးပုံတစ်ပုံခန့်သည် လူငယ်များ ဖြစ်ကြသည့်အတွက် နိုင်ငံတော်အနေဖြင့် လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် သက်ကြီးရွယ်အိုများအား အလေးထားစောင့်ရှောက်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းပြီး သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ရပ်ရွာလူထု တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် လှုံ့ဆော်မှုများကိုလည်း ပြုလုပ်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များက ဆုရကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းသား ကျောင်းသူများ၏ ဆုရပိုစတာနှင့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာအမျိုးသမီးများနေ့ အခမ်းအနား ဘားအံ၌ကျင်းပ

**ဘားအံ ဇူလိုင် ၁၆**

မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီက ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်နန်းအေးကြည် **(အောက်ပုံ)**က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့သို့ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး တာဝန်ရှိသူများက ထူးချွန်မြန်မာအမျိုးသမီးများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ဆုချီးမြှင့်ပွဲအပြီးတွင် ကရင်ပြည်နယ်အတွင်းရှိ တက္ကသိုလ်နှင့် ကျောင်းများမှ ကျောင်းသူများက မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုပြပွဲနှင့် ဆံကေသာအလှပြပွဲများကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရှိရသည်။

**(ခရိုင် ပြန်/ဆက်)**

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် လုပ်ငန်းဖြစ်သော ဈေးအရှေ့တောင်ထောင့် တံတားကွန်ကရစ်ကြမ်းခင်း လဲလှယ်ခြင်းလုပ်ငန်းကို ဇွန် ၂၈ရက်က အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဇော်မင်းလွင် ဦးဆောင်သောအဖွဲ့က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးကျော်လင်း ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)



## မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ ဟိုပင်မြို့နယ်၌ အခမ်းအနားကျင်းပ

**ဟိုပင် ဇူလိုင် ၁၆**

ဟိုပင်မြို့၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ စာစီစာကုံး၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဇွန် ၂၃ ရက် နံနက် ၉ နာရီက ဟိုပင်မြို့ အထက တေဇခန်းမ၌ ကျင်းပသည်။

**ဆုများပေးအပ်**

ထိုအခမ်းအနားတွင် ဟိုပင်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုက အမှာစကားပြောကြား၍ ရဲအုပ်ဆန်းဦးနှင့် ပြည်သူ့ဆေးရုံမှ တာဝန်ခံဆရာဝန် ဒေါက်တာ မေသီဂီချိုတို့က မူးယစ်ဆေးဝါး အန္တရာယ်အကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြားပြီး ဆုရရှိသော ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## မျက်မမြင်ကျောင်းနှင့် လူငယ်သင်တန်းကျောင်း ထူးချွန်စွာ အောင်မြင်သူများအား ဂုဏ်ပြု

**ရန်ကုန် ဇူလိုင် ၁၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန အောက်ရှိ မျက်မမြင်ကျောင်းများနှင့် လူငယ်သင်တန်းကျောင်းများမှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်သူများအား ဂုဏ်ပြုပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင် မျက်မမြင်ကျောင်း ဂီတခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ဂုဏ်ပြုဆုများ ပေးအပ်ကာ **(အပေါ်ပုံ)** အလှူရှင်များအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စစ်ကိုင်းမျက်မမြင်ကျောင်းမှ သုံးဘာသာ ဂုဏ်ထူးရှင် တစ်ဦးနှင့် နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ တစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ခဝဲခြံ မျက်မမြင်ကျောင်းမှ တစ်ဘာသာ ဂုဏ်ထူးရှင် တစ်ဦးနှင့် ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ငါးဦး၊ ရန်ကုန် အမျိုးသမီးကလေးများ သင်တန်းကျောင်းမှ နှစ်ဦး၊ ခဝဲခြံမျက်မမြင် ကျောင်းမှ လေးဦး၊ လပွတ္တာလူငယ် သင်တန်းကျောင်းမှ တစ်ဦးနှင့် မိတ္ထီလာ မျက်မမြင်ကျောင်းမှ တစ်ဦးတို့ ရိုးရိုးအောင်မြင်ခဲ့ကြသည်။

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအား ဂုဏ်ပြုပွဲအတွက် ရွှေသံလွင်ကုမ္ပဏီနှင့် ရွှေဆုပန်ကုမ္ပဏီတို့က ငွေကျပ် ငါးသိန်းစီ၊ Shine Hope ကုမ္ပဏီ၊ ရွှေပုစွန်မိသားစုနှင့် ကောင်းဆေးဆိုင် (မြိတ်ကမ်းနားလမ်း)တို့က ငွေကျပ် သုံးသိန်းစီ၊ Total ကုမ္ပဏီက ငွေကျပ် ၂၇၅၀၀၀၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် Save the Children တို့က ငွေကျပ် နှစ်သိန်းစီ အပါအဝင် အလှူရှင်များက စုစုပေါင်း ငွေကျပ် ၅၂၈၀၀၀၀ ကို လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**လက်ခံယူ**

ရမည်းသင်းမြို့ သီလဝ (၁)ရပ်ကွက် အင်ကျိုးတောရစာသင်တိုက်အနီး ရွှေသင်းဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား ထာဝရပြုစုစောင့်ရှောက်သွားနိုင်ရေးအတွက် ဇွန် ၂၇ ရက်က ရိပ်သာဧည့်ခန်းမတွင် အလှူငွေပေးအပ်ပွဲ ကျင်းပရာ ကွယ်လွန်သူ ဖခင်ကြီး ဦးသိန်းဟန် (မေခလာ) ဓာတ်ပုံတိုက် အားရည်စူးပြီး မိခင် ဒေါ်သိန်းညွန့်အား အမှူးထား၍ ဦးဝင်းမြင့်ဆွေ၊ ဒေါ်ခင်မာသန်း မိသားစု အာရောဂျံဆေးတိုက် မန္တလေးမြို့က ငွေကျပ် ငါးသိန်း လှူဒါန်းရာ ရိပ်သာ ဥက္ကဋ္ဌ ဦးရွှေနှင့် ဘဏ္ဍာရေးမှူး ဦးစံတင့်တို့ လက်ခံယူစဉ်။ (ဝ၁၁)

○ **ရွှေဖုံးမှ**

ဥယျာဉ်ခြံသီးနှံစသည့် သီးနှံ သုံးမျိုး စိုက်ပျိုးရေးဆောင်ရွက်ရာတွင် စီးပွားရေးအရ တွက်ခြေကိုက်ရန်အတွက် စိုက်ပျိုးစရိတ် လျှော့နည်းအောင် ဆောင်ရွက်ရန်၊ သီးနှံများ အထွက်တိုးအောင်ဆောင်ရွက်ရန် အရေးကြီးပုံများနှင့်ထွက်ရှိလာသော သီးနှံများကို ဈေးကွက်တင်ပို့ရာတွင် တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် နည်းပညာအသုံးပြု ဆောင်ရွက်၍ ဝင်ငွေတိုးတက်ရရှိနိုင်မည့် အခြေအနေများနှင့် နည်းပညာများ ဖြန့်ဖြူးပေးနိုင်မည့် အခြေအနေများကို ဒေါက်တာစိန်လှဗိုလ်ကလည်းကောင်း၊ အသေးစားစက်မှုလက်မှု လုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းမှတ်ပုံတင်ပေးခြင်းနှင့် နည်းပညာအကူအညီပေးနိုင်မှုအခြေအနေများကို အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြသန်းက လည်းကောင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အထောက်အကူပြု အသေးစားချေးငွေလုပ်ငန်း ဆောင်ရွက်ပေးမည့် အခြေအနေများကို ဦးခင်မောင်အေးက လည်းကောင်း ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီအနေဖြင့် အကောင်အထည်ဖော်ရမည့် လုပ်ငန်း(၈)ရပ် ချမှတ်ထားပြီးဖြစ်ရာ မိမိအနေဖြင့် ပြည်နယ်၊ မြို့နယ်လုပ်ငန်းအဖွဲ့များ၏ ဆောင်ရွက် အကောင်အထည်ဖော်နေမှုများတွင် ပူးပေါင်း၍ အထောက်အကူပြု ကူညီပံ့ပိုးနိုင်ရေးအတွက် လာရောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ရည်ရွယ်ချက်(၄)ရပ် ချမှတ် ညွှန်ကြားထားပါကြောင်း၊ ယင်းတို့မှာ ဆင်းရဲနွမ်းပါးသူပြည်သူများ၏စားရေးအတွက် ပူပင်ကြောင့်ကြမှုမရှိအောင် ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ နေရေးအတွက် လုံခြုံစိတ်ချစွာနေနိုင်ရန်၊ မကျန်းမာသည့်အချိန်တွင် ဆေးဝါးကုသနိုင်အောင် ပြုလုပ်ပေးရန်နှင့် သားသမီးများ ပညာသင်ကြားရေးတို့ပင် ဖြစ်ပါကြောင်း၊ အဆိုပါ ရည်ရွယ်ချက်(၄)ရပ် အကောင်အထည်ဖော်ပေးနိုင်လျှင် ဆင်းရဲနွမ်းပါးမှု လျော့ကျလာမည် ဖြစ်ကြောင်း၊ ထို့ကြောင့် အချိန်တိုအတွင်း လျင်လျင်မြန်မြန် အကောင်အထည်ဖော်ပေးနိုင်လေ ပိုမိုထိရောက်အောင်မြင်နိုင်လေ ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်သူနှင့်အနီးကပ်လက်ပွန်းတတီး အရင်းနှီးဆုံး ဆက်ဆံနေရသော မိမိတို့သမဝါယမ လုပ်ဖော်ကိုင်ဖက် (Co-operator) များအနေဖြင့် ရှင်လန်းတက်ကြွသည့် စိတ်စေတနာ ဆန္ဒအပြည့်အဝနှင့် ဝီရိယရှိရှိ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

**တွေ့ဆုံ**

ထို့နောက် မွန်းလွဲပိုင်းတွင် သထုံမြို့ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းခန်းမ၌ သစ်သီးဝလံ စိုက်ပျိုးသူများ၊ သမဝါယမ အသင်းစုအသင်းသားများ၊ ကျေးလက်သမဝါယမလုပ်ငန်းများတွင် စိတ်ပါဝင်စားသူများအား တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပေါင်မြို့နယ် ကျိုက ကျေးရွာရှိ ကျိုကဥယျာဉ်ခြံအတွင်း စိုက်ပျိုးထားရှိမှုနှင့် သီးနှံထွက်ရှိမှု အခြေအနေများကို ကြည့်ရှုလေ့လာကြပြီး ပြည်ထောင်စုဝန်ကြီးက တစ်နိုင် ဥယျာဉ်ခြံသီးနှံ စိုက်ပျိုးထုတ်လုပ်သူများ အသင်းဖွဲ့စည်း၍ ဥယျာဉ်ခြံသစ်သီးဝလံများ၏ ဈေးကွက်ရရှိရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များကို နိုင်ငံတကာအဆင့်မီထုပ်ပိုး၍ ဈေးကွက်တင်ပို့နိုင်ရေးအတွက် သမဝါယမ ဝန်ကြီးဌာနက ဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ဝါးခယ်မမြို့ ပတ္တမြားရပ်ကွက်တွင် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဇွန် ၂၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ရေမြောင်းတူးဖော်နေမှုကို အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် လက်ထောက် အင်ဂျင်နီယာ ဦးကျော်မျိုးအောင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

## သဘာဝဘေးကယ်ဆယ်ရေး သင်တန်းဆင်းပွဲကျင်းပ

**အောင်လံ ဇူလိုင် ၁၆**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် မီးသတ်ဦးစီးဌာနမှ ကျင်းပသော သဘာဝဘေးအန္တရာယ် တုံ့ပြန်နိုင်ရေးအတွက် ရှာဖွေရေးနှင့် သဘာဝဘေးကယ်ဆယ်ရေး သင်တန်း အမှတ်စဉ် (၁/၂၀၁၁) ဆင်းပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး လှမြင့်က အမှာစကားပြောကြားသည်။ထို့နောက် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့အား သန္ဓေမီးသတ် သုံးဦး၊ အရန်မီးသတ် ၃၇ ဦး၊ ကြက်ခြေနီ ၁၀ ဦး စုစုပေါင်း ၅၀ ဖြင့် ဖွဲ့စည်းခဲ့ကြောင်းနှင့် သင်တန်းမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။

**(၁၁၉)**

မြန်မာ့အလင်း ပြည်တွင်း အားကစားသတင်း ပြည်တွင်း အားကစားသတင်း

## နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲဆက်

**နေပြည်တော် ဇူလိုင် ၁၆**

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာန ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စု ပတ်လည်ပွဲစဉ်များကို ယနေ့ညနေ ပိုင်းတွင် သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပရာ အမှတ်(၂) နေပြည်တော် အားကစားကွင်း၌ အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းတို့သည် လည်းကောင်း(**ယာပုံ**)၊ နေပြည်တော် လယ်ဝေးအားကစားကွင်း၌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန အသင်းတို့သည် လည်းကောင်း ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေ ဖြစ်သွားကြသည်။

အမှတ်(၁) နေပြည်တော် အားကစားကွင်း၌ ကျင်းပသော ပွဲစဉ်တွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းက ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးအသင်းကို (၁၆)ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ဇူလိုင် ၁၈ ရက် ပွဲစဉ်များအဖြစ် အမှတ်(၁)နေပြည်တော် အားကစားကွင်း၌ စွမ်းအင်ဝန်ကြီးဌာန အသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်း၊ အမှတ်(၂)နေပြည်တော် အားကစားကွင်း၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာနအသင်း၊ နေပြည်တော်လယ်ဝေး အားကစားကွင်း၌ ပို့ဆောင်ရေးဝန်ကြီး ဌာန အသင်းနှင့် အမှတ်(၂)စက်မှု ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစား ကြမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



## တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၆**

၂၀၁၁ ခုနှစ် (၄၂)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၁၅ ရက် မွန်းလွဲ ၁၂ နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

**ဆုပေးအပ်**

ဆုပေးပွဲအခမ်းအနားတွင် အမျိုးသမီးပြိုင်ပွဲ၌ ပူးတွဲတတိယဆုရ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ အမျိုးသားပြိုင်ပွဲ၌ ပူးတွဲတတိယဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရ မန္တလေးတိုင်းဒေသကြီးအသင်းနှင့်ပထမဆုရ ရှမ်းပြည်နယ် အသင်းတို့အား တာဝန်ရှိသူများက တစ်ဦးချင်းဆုနှင့် ငွေသားဆုများကို လည်းကောင်း၊ အသန့်ရှင်းဆုံးအသင်းဆုဖလားရ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားအသင်းနှင့် မကွေးတိုင်းဒေသကြီး အမျိုးသမီးအသင်း၊ အကောင်းဆုံး အားကစားသမားဆုရ စန္ဒာဝင်းဇင် (စစ်ကိုင်းတိုင်းဒေသကြီးအသင်း)နှင့် ဝမ်းရီ (ရှမ်းပြည်နယ်အသင်း)တို့အား ရွှေသံလွင် ကုမ္ပဏီနာယကဒေါ်နီနှင့် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်ဦးတို့က ဆုများကိုပေးအပ်ကြပြီး ပထမဆုရ ရှမ်းပြည်နယ် အမျိုးသားအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီး အသင်းတို့အား မြန်မာနိုင်ငံအမျိုးသား အားကစားကော်မတီဥက္ကဋ္ဌ အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်စား အားကစားနှင့်ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနော်တောင်က တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ဝဲပုံ)**

**(သတင်းစဉ်)**

## အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်နိုင်ရေး မြန်မာအလေးမအဖွဲ့ စခန်းဝင်လေ့ကျင့်လျက်ရှိ

**သတင်းမှတ်စု-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-ကျော်မြင့်သန်း (လမ်းမတော်)**

ရန်ကုန် ဇူလိုင် ၁၆

**ကြွခိုင်တောင့်တင်းသော ခန္ဓာကိုယ်၊ ခိုင်မာသန်စွမ်းသည့် ခြေလက်တို့ကို အားပြုကာ ဝိတ်ပြားများကို နိုင်နိုင်နင်းနင်းမပြီး လေ့ကျင့်နေကြသည့် မြန်မာ့အလေးမ အားကစားမောင်မယ်များကို စိတ်အားတက်ကြွစွာ မြင်တွေ့ရသည်။ ရန်ကုန်မြို့ အောင်ဆန်းကစားကွင်းရှိ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်၌ အလေးမအားကစားသမားများ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် အောင်နိုင်ရေးစိတ်ဓာတ်အပြည့်ဖြင့် လေ့ကျင့်နေကြပြီဖြစ်သည်။** (အောက်ပုံ)

မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမသို့ စာရေးသူတို့ ရောက်ရှိစဉ် အလေးမအားကစား မောင်မယ်များ၏ အောင်နိုင်ရေး အတွက် ကြိုးဝါးသံ၊ အလေးမလေ့ကျင့်နေဟန်များက မြန်မာ့သံမဏိခွန်အား၊ ကမ္ဘာတစ်လွှား ကျော်ကြားစေအံ့ ဟူသော ဆောင်ပုဒ်ကို စွမ်းစွမ်းတမံ ဖော်ဆောင်နေသည့်အလား ရင်မှာ ခံစားမိသည်က အမှန်ပင်။

"အမျိုးသား ၁၂ ဦးနဲ့ အမျိုးသမီး ၁၈ ဦးတို့ ရွေးချယ်စခန်းသွင်းပြီး လေ့ကျင့်နေတာပါ။ ဒီအလေးမ အားကစားမောင်မယ်တွေကတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ၊ ဝန်ကြီးဌာနတွေ၊ အား/ကာသိပ္ပံတွေက ထူးချွန်တဲ့သူတွေနဲ့ ပြိုင်ပွဲအသီးသီးက အလားအလာ ကောင်းတဲ့သူတွေကို စနစ်တကျ ရွေးချယ် လေ့ကျင့်ပေးနေတာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ (၂၆) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနဲ့ ၂၀၁၃ ခုနှစ်မှာ အိမ်ရှင်အဖြစ် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကျင်းပမယ့် အရှေ့တောင် အာရှ အားကစားပြိုင်ပွဲတွေမှာအောင်မြင်မှုများရရှိရေးအတွက် ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် အတွင်းရေးမှူး ဦးမြင့်စိုးက ရှင်းပြသည်။

မြန်မာ အလေးမမောင်မယ်များကို တရုတ်နည်းပြ မစ္စတာ Wuyiping က နေ့စဉ် လေ့ကျင့်ပေးလျက် ရှိသည်။ အလေးမ မောင်မယ်များကို နံနက် ၈ နာရီမှ ၁၀ နာရီခွဲတစ်ကြိမ်၊ ညနေ ၃ နာရီမှ ၅ နာရီအထိ တစ်ကြိမ် အပတ်စဉ် တနင်္ဂနွေနေ့မှအပ လေ့ကျင့်ပေးလျက်ရှိသည်။ နံနက်ပိုင်းတွင် အလေးမမောင်များကို သန်စွမ်းမှုနှင့် ခံနိုင်ရည်ရှိမှု လေ့ကျင့်ခန်းများ ပြုလုပ်စေပြီး ညနေပိုင်းတွင် အလေးမလေ့ကျင့်ခန်းများ ပြုလုပ်စေလျက်ရှိသည်။ အလေးမမယ်များကို နံနက်ပိုင်း၌ အလေးမလေ့ကျင့်ခန်း ပြုလုပ်စေပြီး ညနေပိုင်းတွင် သန်စွမ်းမှုနှင့် ခံနိုင်ရည်ရှိမှု လေ့ကျင့်ခန်းများ ပြုလုပ်စေလျက်ရှိသည်။

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အမျိုးသား အလေးမကစားသမားများက ဝိတ်တန်း ငါးတန်း ယှဉ်ပြိုင်မည်ဖြစ်ပြီး အမျိုးသမီးများက ဝိတ်တန်းခြောက်တန်း ပါဝင်ယှဉ်ပြိုင်ရန် စီစဉ်ထားသည်။ သို့သော် အမျိုးသမီး အလေးမကစားသမားများ စံချိန်ကောင်းလျှင် အခြားဝိတ်တန်းများ၌လည်း ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

**ယှဉ်ပြိုင်မည့်ဝိတ်တန်း**

အမျိုးသား အလေးမအားကစားသမားများ ပါဝင်ယှဉ်ပြိုင်မည့် ဝိတ်တန်းများမှာ ၅၆ ကီလိုတန်း၊ ၆၂ ကီလိုတန်း၊ ၆၉ ကီလိုတန်း၊ ၇၇ ကီလိုတန်းနှင့် ၁၀၅ ကီလိုတန်းတို့ဖြစ်သည်။ အမျိုးသမီး အလေးမအားကစားမယ်များက ၄၈ ကီလိုတန်း၊ ၅၃ ကီလိုတန်း၊ ၅၈ ကီလိုတန်း၊ ၆၃ ကီလိုတန်းနှင့် ၆၉ ကီလိုတန်းတို့၌ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ မြန်မာအလေးမအားကစားအဖွဲ့ ရွှေတံဆိပ်များရရှိရေး လေ့ကျင့်နေကြသည်မှာ အားရဖွယ်ဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

## ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ကျိုက်ထိုမြို့နယ် ဥသြ(၁)လမ်း ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်းကို ဇွန် ၂၅ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းနှင့် အမှုဆောင်အရာရှိ ဦးစောရွှေတို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးပြေကျော်နှင့်အဖွဲ့သည် ဇွန် ၁၇ ရက်က ရွှေတောင်မြို့နယ် စစ်မှုထမ်းဟောင်းလမ်း ကျောက်ချောခင်းခြင်းကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဟန်ရှိန်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်စိုးနိုင်တို့ ရှင်းလင်းတင်ပြစဉ်။(မြို့နယ်စည်ပင်)

ကျောက်မဲမြို့နယ် ရန်ကင်းလမ်း အုတ်ရေမြောင်းပြုလုပ်ပြီးစီးမှုကို ဇူလိုင် ၂ ရက်က အမှုဆောင်အရာရှိ ဦးသောင်းထိုက်နှင့် အင်ဂျင်နီယာမှူး ဦးမောင်မောင်သွင်တို့ ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဦးဥတ္တမလမ်းတွင် မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးအောင်သက်ရှည်၊ ဦးစီးအရာရှိ ဦးအောင်ကျော်ဝင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးသိန်းကျော်တို့ ကြီးကြပ်၍ ဇွန် ၂၉ ရက်က ရေမြောင်းအတွင်း အမှိုက်သရိုက်များသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပုဏ္ဏားကျွန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မျိုးငွေနှင့် ဝန်ထမ်းများ မြို့တွင်းလမ်းများ၌ ယာဉ်အန္တရာယ်သတိပေးဆိုင်းဘုတ်များစိုက်ထူနေမှုကို ဇူလိုင် ၄ရက်က အမှုဆောင်အရာရှိ ဦးတင်မောင်ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

## နောက်ဆုံးရ နိုင်ငံတကာသတင်း

### ဆက်သွယ်ရေးဂြိုဟ်တုသစ် အိန္ဒိယလွှတ်တင်

နယူးဒေလီ ဇူလိုင် ၁၆

**အိန္ဒိယအာကာသသုတေသနအဖွဲ့က ဆက်သွယ်ရေး ဂြိုဟ်တုသစ်တစ်လုံးကို အိန္ဒိယနိုင်ငံတောင်ပိုင်း ဆရီဟာရီကိုတာ ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ ဇူလိုင် ၁၅ ရက်တွင် အောင်မြင်စွာ လွှတ်တင်လိုက်ကြောင်း ဇူလိုင် ၁၆ ရက်၌ အိန္ဒိယအရာရှိ များက ပြောကြားသည်။** (အပေါ်ပုံ)

ကူညီသွားမည်

**ငင်းဆက်သွယ်ရေးဂြိုဟ်တုကို အိန္ဒိယနိုင်ငံ၏ ပီအက်စ် အယ်လ်ဗွီဒုံးပျံက အာကာသသို့ သယ်ဆောင်သွားခဲ့ခြင်းဖြစ်ပြီး ငင်းဂြိုဟ်တုသည် ဂျီအက်စ်အေဘီ-၁၂ ဆက်သွယ်ရေးဂြိုဟ်တု နှင့်ချိတ်ဆက်ကာ အိန္ဒိယနိုင်ငံ ကျေးလက်ဒေသများနှင့် မြို့ပြနေပြည်သူများအတွက် ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ များကို ဆက်သွယ်ပေးပို့ ကူညီသွားမည်ဖြစ်သည်။**

စီစဉ်ထား

**အဆိုပါ ဂြိုဟ်တုမှပေးပို့သော သတင်းအချက်အလက်နှင့် ဓာတ်ပုံများကို အိန္ဒိယနိုင်ငံတစ်ဝန်းရှိ အခြားရုပ်မြင်သံကြား လိုင်းများကလည်း ရယူသုံးစွဲနိုင်အောင် စီစဉ်ထားကြောင်း သိရသည်။**

(အင်တာနက်)

မိုးမြင့်လင်းလက် - စုစည်းသည်

### ဒုတိယကမ္ဘာစစ်အတွင်းနစ်မြုပ်ခဲ့သော ရေငုပ်သင်္ဘော ဘရာဇီး၌တွေ့ရှိ

**ရီယိုဒီဂျနေးရိုး ဇူလိုင် ၁၆**

ဘရာဇီးနိုင်ငံတောင်ပိုင်းကမ်းလွန်၌ ဂျာမန်တို့ ဒုတိယကမ္ဘာစစ်အတွင်းက နစ်မြုပ်ခဲ့သော ရေငုပ်သင်္ဘောတစ်စင်းကို သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း ၎င်းတို့က ဇူလိုင် ၁၅ ရက်၌ ပြောကြားသည်။

ဂျာမန်တို့၏ U-513 ရေငုပ်သင်္ဘောပျက်ကို ဘရာဇီးနိုင်ငံ ဆန်တာကာတာရီနာပြည်နယ် ကမ်းလွန် အနက် ၇၅ မီတာ၌ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ကတ်ရှသူရာမင်သိပ္ပံနှင့် အီကာဂျေဗယ်လီတက္ကသိုလ်မှ သုတေသနပညာရှင်အဖွဲ့က ပြောကြားသည်။

အဆိုပါ U-513 ရေငုပ်သင်္ဘောကို အမေရိကန်လေယာဉ်ပျံတစ်စင်းက ၁၉၄၃ ခုနှစ် ဇူလိုင် ၁၉ ရက်၌ တိုက်ခိုက်နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ ဘရာဇီးကမ်းခြေအနီးတွင် ဒုတိယကမ္ဘာစစ်အတွင်း ဂျာမန်တို့၏ ရေငုပ်သင်္ဘော ၁၀ စင်းခန့် နစ်မြုပ်ခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။ **(အင်တာနက်)**

### အင်ဒိုနီးရှား၌ ကင်းလှည့်ရေယာဉ်ပေါက်ကွဲ

**ဂျကာတာ ဇူလိုင် ၁၆**

အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူမတြားပြည်နယ်တွင် ဇူလိုင် ၁၅ ရက် ညက ကင်းလှည့်ရေယာဉ်တစ်စင်း မီးလောင်ပေါက်ကွဲမှုဖြစ်ပွားရာ ခုနစ်ဦး သေဆုံးပြီး အခြားနှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အင်ဒိုနီးရှားအရာရှိများက ဇူလိုင် ၁၆ ရက်၌ ပြောကြားသည်။

ဖြစ်ပွားမှုမှာ မြောက်ဆူမတြားပြည်နယ် ဒီလီဆာဒင်းခရိုင်အတွင်း ပန်တေးလာဘတ်ကမ်းခြေအနီး ကင်းလှည့်ရေယာဉ်မှာ စက်မနိုးရသေးမီအချိန်အတွင်း ရုတ်တရက် ပေါက်ကွဲမီးလောင်ခဲ့ခြင်းဖြစ်သည်။ **(အောက်ပုံ)**

ကယ်ဆယ်ရေးအဖွဲ့များ ရောက်ရှိသွားချိန်၌ သေဆုံးသူလေးဦးကို ကင်းလှည့်ရေယာဉ်ပေါ်တွင် တွေ့ရှိရပြီး အခြားသေဆုံးသူသုံးဦးအား အနီးဝန်းကျင်ရေပြင်၌ ရှာဖွေတွေ့ရှိခဲ့သည်။

**စုံစမ်းစစ်ဆေး**

ဒဏ်ရာရရှိသူနှစ်ဦးအား အနီးဆေးရုံသို့ တင်ပို့ပြီး ဆေးကုသမှုခံယူလျက်ရှိကြောင်း ၎င်းတို့က ပြောကြားသည်။ ပေါက်ကွဲမီးလောင်ရခြင်းနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိသည်။

**(အင်တာနက်)**

## နိုင်ငံတကာသတင်းအတိုအထွာ

ကောင်းမြတ်သူ - စုစည်းသည်

### ဂျနီဖာလိုပက်ဇ် ကွာရှင်းပြတ်စဲ

*လော့စ်အိန်ဂျလိစ် ဇူလိုင် ၁၆*

***ပေါ့ပ်အဆိုတော်လည်းဖြစ် ရုပ်ရှင်သရုပ်ဆောင်လည်းဖြစ်သည့် ဂျနီဖာလိုပက်ဇ်သည် အဆိုတော်မက်အန်ထော်နီနှင့် ခုနစ်နှစ်ကြာလက်ထပ်ပေါင်းသင်းခဲ့ပြီး နောက် တရားရုံး၌ ကွာရှင်းပြတ်စဲလိုက်ပြီဖြစ်ကြောင်း ဇူလိုင် ၁၆ ရက်တွင် ၎င်းတို့က ကြေညာသည်။*** *(အင်တာနက်)*

### မက္ကဆီကို၌ ဧက ၃၀၀ ရှိ ဆေးခြောက်စိုက်ခင်းတွေ့

***မက္ကဆီကိုစီးတီး ဇူလိုင် ၁၆***

*မက္ကဆီကိုနိုင်ငံ ဘာဂျာကာလီဖိုးနီးယားပြည်နယ်မြောက်ပိုင်း ဆန်ကွင်တင်မြို့အနီး၌ မက္ကဆီကိုတပ်ဖွဲ့ဝင်များက ဧက ၃၀၀ ကျယ်ဝန်းသည့် ဆေးခြောက်စိုက်ခင်းကြီးကို တွေ့ရှိခဲ့ကြောင်း ဇူလိုင် ၁၆ ရက်က အင်တာနက်တွင် သတင်းဖော်ပြသည်။* ***(အင်တာနက်)***

### ဘောက်စ်ဝက်ဂွန်ကား စံချိန်တင်ရောင်းချရ

*ဖရန့်ဖွတ် ဇူလိုင် ၁၆*

***ဥရောပ၏အကြီးဆုံး ကားထုတ်လုပ်ရေးကုမ္ပဏီကြီးတစ်ခုဖြစ်သော ဘောက်စ်ဝက်ဂွန်ကားကုမ္ပဏီက ယခုနှစ် ပထမနှစ်ဝက်အတွင်း ကားအစီးရေ လေးသန်းရောင်းချခဲ့ရသဖြင့် ယမန်နှစ် အလားတူ ကာလကထက် ၁၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ၎င်းကုမ္ပဏီက ဇူလိုင် ၁၆ ရက်တွင် ကြေညာသည်။*** *(အင်တာနက်)*

### တရုတ်၌ ရေကြီးပြီး မြေပြို၊ ၁၃ ဦးသေဆုံး

***ပေကျင်း ဇူလိုင် ၁၆***

*တရုတ်နိုင်ငံအနောက်တောင်ပိုင်း ဂန်ဆုပြည်နယ် တီယန်ရှုးမြို့ရှိ အဝေးပြေးလမ်းမကြီးပေါ်၌ မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုဖြစ်ကာ မော်တော်ယာဉ်နှစ်စီး မြေအောက်ပိခဲ့သဖြင့် အနည်းဆုံး ၁၃ ဦး သေဆုံး၍ ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။* ***(အင်တာနက်)***

### ကမ္ဘာ့ရှေးအကျဆုံး ဘောလုံးစည်းမျဉ်းစာအုပ်

*လန်ဒန် ဇူလိုင် ၁၆*

***ရှက်ဖီးအက်ဖ်စီကလပ်က ပိုင်ဆိုင်သည့် ကမ္ဘာ့ရှေးအကျဆုံးဘောလုံးစည်းမျဉ်းစာအုပ်ကို ဇူလိုင် ၁၅ ရက်က လန်ဒန်မြို့ ဆိုတီဘိုင်လေလံရုံးက ပေါင် ၈၈၁၂၅၀ ဖြင့် လေလံတင်ရောင်းချလိုက်သည်။ ၎င်းစာအုပ်မှာ ၁၈၅၇ ခုနှစ်က ရေးသားထားသည့် လက်ရေးမူစာအုပ်ဖြစ်ကြောင်းသိရသည်။*** *(အင်တာနက်)*

မြင့်မောင်စိုး - စုစည်းသည်

### ဘရာဇီးဂိုးသမား ဒိုနီ လီဗာပူးခေါ်ယူစာချုပ်

လန်ဒန် ဇူလိုင် ၁၆

**အီတလီစီးရီးအေကလပ် ရိုးမားအသင်းမှ ဘရာဇီးနိုင်ငံသား ဂိုးသမား အလက်ဇန္ဒားဒိုနီ** (ဝဲပုံ)**ကို လီဗာပူးအသင်းက စာချုပ်ခေါ်ယူလိုက်ပြီဖြစ်သည်။**

ပါဝင်ကစား

**အသက် ၃၁ နှစ်အရွယ်ရှိ ဒိုနီသည် လီဗာပူးသို့ ဆေးစစ်မှုခံယူပြီးနောက် ရောက်ရှိလာသည်။ သို့သော် လီဗာပူးက ၎င်း၏ပြောင်းရွှေ့ကြေးနှင့် စာချုပ် သက်တမ်းကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ ၎င်းသည် ဘရာဇီးအသင်းတွင် ၁၀ ပွဲနှင့် ရိုးမားအသင်းအတွက် ခြောက်နှစ်တာအတွင်း ၁၇၉ ပွဲ ပါဝင်ကစားလာခဲ့သည်။** (အင်တာနက်)

### ကာတန်ကိုးလ် စတုတ်နှင့် သဘောတူညီမှုဖျက်သိမ်း

**လန်ဒန် ဇူလိုင် ၁၆**

ဝက်စ်ဟမ်းတိုက်စစ်မှူး ကာတန်ကိုးလ် **(ယာပုံ)**သည် စတုတ်အသင်းသို့ ပြောင်းရွှေ့ရန် သဘောတူထားမှုကို လုပ်ခလစာ ညှိနှိုင်းမှုအဆင်မပြေသဖြင့် စာချုပ် သဘောတူညီမှု ဖျက်သိမ်းလိုက်သည်။

သဘောတူ

အသက် ၂၇ နှစ်အရွယ်ရှိ အင်္ဂလန်ကစားသမားဟောင်း ကာတန်ကိုးလ်အား လွန်ခဲ့သည့်သီတင်းပတ်၌ စတုတ်အသင်းက ပေါင်လေးသန်းဖြင့်ခေါ်ယူရန် သဘောတူထားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**



### အင်္ဂလန်လူငယ်ဘောလုံးသမား ချယ်လ်ဆီးခေါ်ယူ

လန်ဒန် ဇူလိုင် ၁၆

**ချယ်လ်ဆီးအသင်းသည် ၎င်း၏လူငယ်ဘောလုံးသင်တန်းကျောင်းမှ အသက် ၁၈ နှစ်အရွယ်သာရှိသေးသည့် ကွင်းလယ်ကစားသမား ဂျော့ချ်မက်အိချ်** (ဝဲပုံ)**အား ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။**

ထပ်မံခေါ်ယူ

**ချယ်လ်ဆီးအသင်းက အသက် ၂၁ နှစ်အောက် အင်္ဂလန်လူငယ်ဘောလုံးသမားတစ်ဦးဖြစ်သည့် ရိုင်ယန်ဘားထရန်းအား လေးနှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ပြီးနောက် ယခုတစ်ဖန် လူငယ်ဘောလုံးသမားတစ်ဦးအား ထပ်မံခေါ်ယူလိုက်ခြင်းဖြစ်သည်။**

(အင်တာနက်)

မောင်မောင်မြင့်ဆွေ - စုစည်းသည်

### ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ကီအီရာနိုက်လေ၏ဘဝပုံရိပ်

***လော့စ်အိန်ဂျလိစ် ဇူလိုင် ၁၆***

*ဟောလိဝုဒ်၌ အသက်ငယ်ငယ်ရွယ်ရွယ်နှင့်ရုပ်ရှင် ထုတ်လုပ်ရေး လုပ်ကိုင်နေသူတစ်ဦးမှာ မော်ဒယ်နှင့်ရုပ်ရှင် မင်းသမီးကီအီရာနိုက်လေ* ***(ယာပုံ)****ဖြစ်သည်။ A Dangerous Method အမည်ရှိရုပ်ရှင်ဇာတ်ကားကို မကြာမီကရိုက်ကူး ထုတ်လုပ်ခဲ့ရာ သရုပ်ဆောင်နှင့်ရုပ်ရှင်ထုတ်လုပ်ရေးကို အသက် ၂၅ နှစ်အရွယ်၌ အောင်မြင်စွာလုပ်ကိုင်နိုင်သူ ရုပ်ရှင် မင်းသမီးတစ်ဦး ဖြစ်လာခဲ့သည်။*

*ကြိုးစားခဲ့*

*ရုပ်ရှင်မင်းသမီးနိုက်လေသည် အသက် ၁၀ နှစ် အရွယ်၌ Innocent Lies ဇာတ်ကားတွင် စတင်ပါဝင် သရုပ်ဆောင်ခဲ့သူဖြစ်သည်။ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် မွေးဖွားခဲ့သူဖြစ်ပြီး ဟောလိဝုဒ်ရုပ်ရှင်လောက၌ အောင်မြင်မှုရအောင် ကြိုးစားခဲ့သူဖြစ်သည်။ လက်ရှိတွင်လည်း လန်ဒန်မြို့၌ မိသားစုနှင့် အတူနေထိုင်လျက်ရှိသည်။*

*၂၀၀၅ ခုနှစ်၌ Academy Award for Best Actress ဆုနှင့် Golden Globe Award for Best Actress ဆုများအတွက် အမည်စာရင်းတင်သွင်းခံရသူလည်း ဖြစ်သည်။ ၂၀၀၈ ခုနှစ်၌ ဟောလိဝုဒ်တွင် ဒုတိယဈေးအမြင့်ဆုံး အမျိုးသမီး သရုပ်ဆောင်တစ်ဦးအဖြစ် ဖောဘတ်မဂ္ဂဇင်းက ဖော်ပြခဲ့သည်။*

*၂၀၀၈ ခုနှစ်က သူမ၏ ရုပ်ရှင်သရုပ်ဆောင်ခဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၃၂ သန်းအထိ ရရှိခဲ့သည်။ အမေရိကန် နိုင်ငံသားမဟုတ်သော ဟောလိဝုဒ်ရုပ်ရှင်မင်းသမီးများအနက် ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့သည်။*

*အားပေးခဲ့*

*ရုပ်ရှင်မင်းသမီးနိုက်လေ အောင်မြင်မှုရရှိခဲ့သည့် ဇာတ်ကားများမှာ Princess of Thieves ၊ The Hole ၊ Bend it Like Beckham ၊ Pirates of the Caribbean ၊ The Curse of the Black Pearl ၊ King Arthur ၊ The Edge of Love ၊ Last Night နှင့် Steve ဇာတ်ကားများဖြစ်သည်။ ရုပ်မြင်သံကြားဇာတ်လမ်းတွဲများကိုလည်း ပါဝင်သရုပ်ဆောင်ခဲ့ရာ ပရိသတ်အားပေးခဲ့သော ရုပ်မြင်သံကြားဇာတ်လမ်းများမှာ Screen One ၊ The Bill ၊ Oliver Twist နှင့် Doctor Zhivago စသည်တို့ဖြစ်သည်။*

*ဖြတ်သန်း*

*ရုပ်ရှင်မင်းသမီး နိုက်လေသည် Pride & Prejudice ဇာတ်ကား၌ အတူတွဲသရုပ်ဆောင်ခဲ့သော ရုပ်ရှင်မင်းသား ရူပက်ဖရင့်နှင့် ၂၀၀၅ ခုနှစ်က စတင်တွဲခဲ့သော်လည်း ၂၀၁၀ ခုနှစ် ဒီဇင်ဘာလ၌ လမ်းခွဲခဲ့ပြီး ယခုအခါ တစ်ဦးတည်း အနုပညာခရီးကို ဖြတ်သန်းလျက်ရှိပါကြောင်း။ ။* ***(အင်တာနက်)***

ဇွန် ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲ အခမ်းအနားကျင်းပရာ စာရေးဆရာမဒေါက်တာနိုက်တင်ဂေးလ်က ကျန်းမာပျော်ရွှင်နေစေချင် ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။ (မြန်မာ့အလင်း)

# တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပြိုင်ပွဲ ကွမ်းလုံ၌ကျင်းပ

**ကွမ်းလုံ ဇူလိုင် ၁၆**

ကွမ်းလုံခရိုင် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပြိုင်ပွဲကို ဇွန် ၂ ရက် နံနက် ၉ နာရီက ကွမ်းလုံမြို့ သံလွင်ဦးခန်းမ၌ ကျင်းပသည်။

## ပါဝင်ယှဉ်ပြိုင်

ရှေးဦးစွာ အမက(၁) ကျောင်းသူလေးများက အကဖြင့်ဖျော်ဖြေတင်ဆက်ကြပြီး ဝတ်စားဆင်ယင်မှုပြိုင်ပွဲတွင် တိုင်းရင်းသူလေးများက တိုင်းရင်းသားရိုးရာဝတ်စုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

## ဆုများချီးမြှင့်

ထို့နောက် ၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရရှိသူသုံးဦးကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်က လည်းကောင်း၊ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးက လည်းကောင်း၊ တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပြိုင်ပွဲတွင် ဆုရရှိသူများအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်စံထားဖြူက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရှိရသည်။

(အောက်ပုံ) (ခရိုင် ပြန်/ဆက်)

# ကွန်ပျူတာဆက်စပ်ပစ္စည်းများ ဖျာပုံမြို့နယ်၌ပေးအပ်လှူဒါန်း

**ဖျာပုံ ဇူလိုင် ၁၆**

ဖျာပုံမြို့နယ် အမာမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၄ ရက် နံနက်ပိုင်းက အမာမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်ဝင်းက ကျောင်းအတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။ (ဝဲပုံ) ယင်းနောက် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

# ကျေးရွာချင်းဆက် တံတားသစ် ရွှေကူမြို့နယ်၌ဖွင့်

**ရွှေကူ ဇူလိုင် ၁၆**

ကချင်ပြည်နယ် ရွှေကူမြို့နယ် သဘော်အင်းကျေးရွာ၌ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ တံတားသစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၁၀ နာရီက အဆိုပါ တံတားသစ်မုခ်ဦးရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြအောင်နှင့် တံတားဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်ငွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးညီညီ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး လှငွေးအောင်တို့က အမှာစကား ပြောကြားကြသည်။ ဆက်လက်၍ တံတားဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်ငွေးက တံတားဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ပုံအဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားသည်။

ယခုအခါ အဆိုပါတံတားသစ်ပြီးစီးသွားသည့်အတွက် သဘော်အင်းကျေးရွာမှ ပေါက်ကုန်းကျေးရွာ၊ မိုးစစ်ကျေးရွာ၊ ရေလဲကျေးရွာနှင့် ဆင်တပ်ကျေးရွာ ပြည်သူများ ရာသီမရွေး ဆက်သွယ်သွားလာနိုင်ပြီ ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

**လသာမြို့နယ် ၂၄ လမ်း အမှတ် ၇၂ နေ ဦးတင်အောင်-ဒေါ်ကြင်ကြင်လှ နှင့်သားများက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးနှင့် အဖွဲ့ဝင်ဦးမောင်မောင်အောင်တို့လက်ခံယူစဉ်။**

(ကင်ဆာဖောင်ဒေးရှင်း)

# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပေါက်ခေါင်းမြို့၌ကျင်းပ

**ပေါက်ခေါင်း ဇူလိုင် ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်၌ ဇူလိုင် ၂ ရက်က စမ်းကလေးကျေးရွာအနီး ပေါက်ခေါင်း-အောင်လံ ခရိုင်ချင်းဆက်ကားလမ်းဘေးတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ သစ်ပင်စိုက်ပျိုးပွဲတွင် ပေါက်ခေါင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သိန်းဆွေနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ယင်းမာ၊ မဲဇလီနှင့် ယူကလစ် စသည့် သစ်ပင်မျိုးစုံ ၁၇၀၀ ကို စိုက်ပျိုးခဲ့ကြသည်။

ပေါက်ခေါင်းမြို့နယ် သစ်တောဦးစီးဌာနသည် ၂၀၁၀ ခုနှစ်၊ မိုးရာသီ၌ စီးပွားရေး(ကျွန်း)စိုက်ခင်း ဧက ၇၀၀တွင် ကျွန်းပင် ၃၇၈၀၀၀၊ သဘာဝတောတန်ဖိုးမြှင့်စိုက်ခင်း ဧက ၉၈၀ တွင် ကျွန်းပင် ၆၈၆၀၀၊ ပုဂ္ဂလိက (ကျွန်း) စိုက်ခင်းဧက ၅၅၀တွင် ကျွန်းပင်၂၉၇၀၀၀ နှင့် လူထုဖြန့်ပျိုးပင် အပင် ၁၀၀၀၀၀ တို့ကို စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရှိရသည်။

**(မြို့နယ်သစ်တောဦးစီးဌာန)**

# ဟောပြော

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက်က ကျိုင်းတုံမြို့နယ် စည်ပင်သာယာခန်းမ၌ ကျင်းပရာ ကျိုင်းတုံခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရင်သိန်းက အမျိုးသမီးများနေ့အကြောင်း ဟောပြောစဉ်။

(ခရိုင် ပြန်/ဆက်)

**ဒေးဒရဲမြို့နယ် ဘုရားကြီးကွက်သစ် (၄)လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇူလိုင် ၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဇော်လင်း ကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးမင်းညွှန့် ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# မြဝတီရုပ်မြင်သံကြား

**၁၇-၇-၂၀၁၁ (တနင်္ဂနွေနေ့)**

## နံနက်ပိုင်း

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၃ | ၂။ | အဖွင့်နှုတ်ခွန်းဆက်စကား |
| ၇း၀၄ | ၃။ | နိုင်ငံတော်သီချင်း |
| ၇း၀၅ | ၄။ | တရားတော် |
| ၇း၁၅ | ၅။ | ဓမ္မပူဇာတေး |
| ၇း၂၀ | ၆။ | မျိုးချစ်တပ်မတော် |
| ၇း၂၅ | ၇။ | မြန်မာ့ရှုခင်း |
| ၇း၃၀ | ၈။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |

## နေ့လယ်ပိုင်း

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၁း၀၃ | ၂။ | အဖွင့်နှုတ်ခွန်းဆက်စကား |
| ၁၁း၀၄ | ၃။ | နိုင်ငံတော်သီချင်း |
| ၁၁း၀၅ | ၄။ | အဖွင့်သီချင်း |
| ၁၁း၁၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၁၁း၂၀ | ၆။ | ကာတွန်းအစီအစဉ် **ဘော့စ်ဘောကြယ်ပွင့်များ** (အပိုင်း-၂၂) |
| ၁၁း၄၀ | ၇။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တိတ်တခိုးချစ်သူ** |
| ၁၂း၃၀ | ၈။ | ကျန်းမာသုတ |
| ၁၂း၄၀ | ၉။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၈၅) |

## ညပိုင်း

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၁ | ၂။ | အဖွင့်နှုတ်ခွန်းဆက်စကား |
| ၄း၀၂ | ၃။ | နိုင်ငံတော်သီချင်း |
| ၄း၀၃ | ၄။ | အဖွင့်သီချင်း |
| ၄း၁၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၄း၁၅ | ၆။ | မြန်မာသံစဉ်ချိုနားဝင် |
| ၄း၂၀ | ၇။ | လျှပ်တစ်ပြက် |
| ၄း၃၀ | ၈။ | သီဆိုဖြေဖျော် တစ်ကိုယ်တော် |
| ၄း၄၅ | ၉။ | မြန်မာ့ရှုခင်း |
| ၅း၀၀ | ၁၀။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၃၀ | ၁၁။ | ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း |
| ၆း၀၀ | ၁၂။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၂၀ | ၁၃။ | အမျိုးသားရေးတေးကဗျာ |
| ၆း၃၀ | ၁၄။ | ဘဝကြေးမုံ **ဆံပင်တွေ ဘယ်ရောက်သွားလဲ** မင်းရာဇာ၊ နဒီဝင့်နိုင်နှင့် သရုပ်ဆောင်များ [ဒါရိုက်တာ-ဆဲဗင်း (အိုင်စီ)] |
| ၆း၅၀ | ၁၅။ | ဂင်းနက်စ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ |
| ၇း၀၀ | ၁၆။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်း နေမင်း ကြယ်တစ်စင်း** (အပိုင်း-၃၈) |
| ၈း၀၀ | ၁၇။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၈။ | အမျိုးသားရေးတေးကဗျာ |
| | ၁၉။ | နိုင်ငံတကာသတင်း |
| | ၂၀။ | မိုးလေဝသသတင်း |
| | ၂၁။ | ပဟေဠိနှုန်းတော် |
| | ၂၂။ | ကျန်းမာသုတ |
| | ၂၃။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်တို့တည်ရာ** (အပိုင်း-၃၅) |
| | ၂၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အိမ်အပြန်လမ်း (အပိုင်း-၆၅) |

**၁၈-၇-၂၀၁၁(တနင်္လာနေ့)**

| | | |
|---|---|---|
| ၁း၁၅ | ၂၆။ | 2011 FIFA Women's World Cup (Germany) Final United State Vs Japan (Live) |

# ရေစီးရေလာကောင်းမွန်ရေး မိုးညှင်း၌ဆောင်ရွက်

**မိုးညှင်း ဇူလိုင် ၁၆**

မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဇူလိုင် ၆ ရက်က ဦးအောင်ဇေယျလမ်း ရေနုတ်မြောင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် လမ်းဖြတ်ရေပြွန်အား ရှင်းလင်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအေးနိုင် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

**ဥတုရာသီ တောကိုမှီ၏**

**မြန်မာ့အလင်း**
**စာတည်းထံပေးစာများ**

## ကော်ကြိတ်စက်သံနားမခံနိုင်

*စာတည်းခင်ဗျား-*

*မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ဘုမ္မာအရှေ့ ဘုမ္မာ ၂၁ လမ်းရှိ ကော်ကြိတ်လုပ်ငန်းမှ နေ့စဉ်ထွက်ပေါ်လာသောစက်သံများသည် ပတ်ဝန်းကျင်နေထိုင်သူများ နားမခံသာအောင်ဆူညံနေပါသဖြင့် ကျန်းမာရေးထိခိုက်ရပါသောကြောင့် အဆိုပါကော်ကြိတ်လုပ်ငန်းကို စက်မှုဇုန် သို့မဟုတ် သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။*

***နားမခံနိုင်သူများ***

## မေတ္တာပေါင်းကူးတံတား ပြုပြင်တည်ဆောက်ပေးစေချင်

*စာတည်းခင်ဗျား-*

***ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ပီမိုးနင်းလမ်းမပေါ်ရှိ မေတ္တာပေါင်းကူးသစ်သားတံတား ယိုယွင်းပျက်စီးနေပါသဖြင့် ပြည်သူများ အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် သက်ဆိုင်ရာမှ လိုအပ်သလို ပြုပြင်တည်ဆောက်ပေးရန် တင်ပြအပ်ပါသည်။***

*ရပ်ကွက်သားများ*

## ဖုန်းအခွန်အခ ကျသင့်ငွေတောင်းခံစေချင်

***စာတည်းရှင့်-***

*ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ်ချင်းရပ်ကွက် ရွှေဂုံရိပ်မွန်အိမ်ရာအတွင်းရှိ FISCA လိုင်းခွဲမှ လစဉ်ဖုန်းအခွန်အခများကို ကျသင့်ငွေထက် ပိုမိုတောင်းခံပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။*

***ရွှေဂုံရိပ်မွန်အိမ်ရာသူ***






THUKHA DANA

*CAREER OPPORTUNITIES*
*(For Local Service Only)*

Thukha Dana Co.,Ltd, a pharmaceutical company, is looking for candidates to join the company expansion programs (Pharmaceutical, Cosmetic & Consumer products) for the following positions:

Business Development Manager (Pharmaceutical) Male/Female (1) Posts
(Cosmetic & Consumer products) Male/Female (1) Posts
* Age between 30 and 40 years old.
* MBA degree holder is preferred.

Area Development Manager (Pharmaceutical) Male/Female (1) Posts
(Cosmetic & Consumer products) Male/Female (1) Posts
* Age between 30 and 35 years old.
* Must be degree holder.
* For Pharmaceutical Business Development manager and Area Development Manager, M.B.B.S degree holder or Medical related degree holder.
* At least 3 years experience in Pharmaceutical or Cosmetic and Consumer products marketing field.
* Fluency in written and spoken English. Must take the responsibilities for respective area development.
* Good communications skills, Good interpersonal skills, Able to work with team, taking responsibility, Energetic and highly motivated.
* Computer literate

Medical Representative Male/Female (3) Posts
* Age between 20 to 30 years old
* Must be degree holder or Medical related degree holder. At least 2years experience in pharmaceutical Field.
* Computer literate.

Marketing Executive (Cosmetic & Consumer products) Male/Female (3) Posts
* Age between 20 to 30 years old
* Must be degree holder. At least 2yrs experience in Cosmetic and Consumer products marketing field.
* Computer Literate

Sales Representative (Pharmaceutical) Male/Female (3) Posts
(Cosmetic & Consumer products) Male/Female (12) Posts
* Age between 20to 30 years old
* Must be degree holder. At least 2yrs experience in Pharmaceutical, Cosmetic & Consumer products Marketing field.

All candidates above must have:
* Good communications skills, Good interpersonal skills, Able to work with team, taking responsibility, Energetic and highly motivated.
* Able to travel to the provinces.
Interested Candidates can submit with2 recent photos, copies of relevant qualifications, Labor Registration, copy of NRC and CV, within two weeks of this announcement to the following address:

*Thukha Dana Co., Ltd.* No. (84), 13th Street, Lanmadaw Township, Yangon, Myanmar.
e-mail: [illegible]


**ကျေးဇူးဆပ်ပါမည်**
ကျွန်မ မသန္တာဝင်း၏ နိုင်ငံကူးစာအုပ်အမှတ် ဇ၆၈၀၇၇မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၁-၅၅၉၀၈၄**

**ပျောက်ဆုံးကြောင်း**
ကျွန်မပိုင် ၃ခ/၈၇၇၄မော်တော်ယာဉ်၏ အခွန်ကျေပုံစံ(၁) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၅၁၃၄၅၄၁**

# ဝန်ထမ်းအလိုရှိသည်
## (ပြည်တွင်း၌သာခန့်ထားရန်)

အောက်ပါအရည်အချင်းများနှင့်ပြည့်စုံ၍ နိုးကြားတက်ကြွသော အမျိုးသမီးဝန်ထမ်းများ အလိုရှိသည်။

၁။ Sale Executive ဘွဲ့ရ၊ အသက် ၁၈နှစ်မှ ၂၇နှစ်အတွင်း (ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ တရုတ်၊ ယိုးဒယား၊ ရုရှား၊ ကိုရီးယား) ဘာသာစကားများအနက် တစ်ခုကို ကျွမ်းကျင်နားလည်စွာပြောဆိုနိုင်ပြီး အင်္ဂလိပ်ဘာသာအသင့်အတင့်ပြောဆိုနိုင်သူ။

(ဘာသာစကားတစ်ခုထက် ပိုမိုတတ်ကျွမ်းပါက လစာပိုမိုရရှိမည်။)

၂။ Senior Accountant ဘွဲ့ရ၊ LCCI Level-3 သို့မဟုတ် ACCA လက်မှတ်ရရှိထားသူ။ (B.Com ဘွဲ့ရများကို ဦးစားပေးမည်။)

လုပ်သက်သုံးနှစ်မှငါးနှစ်အတွင်းရှိပြီး ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူ။

၃။ Cashire ဘွဲ့ရ၊ အသက်၁၈နှစ်မှ ၂၇နှစ်အတွင်း၊ အင်္ဂလိပ်ဘာသာစကား အသင့်အတင့်ပြောဆိုနိုင်သူ၊ ကွန်ပျူတာအခြေခံရှိသူ။

အထက်ပါအရည်အချင်းများနှင့်ပြည့်စုံသော စိတ်ပါဝင်စားသူများသည် မိမိကိုယ်ရေးအကျဉ်းကို ဓာတ်ပုံတစ်ပုံ၊ အလုပ်သမားမှတ်ပုံတင်၊ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ လိပ်စာအပြည့်အစုံတို့နှင့်အတူ ကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း Tersure Land အရောင်းဆိုင်၊ အမှတ်(၁၁)၊ မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း-၀၁-၅၂၆၂၈၆ သို့ ပေးပို့ လျှောက်ထားနိုင်ပါသည်။**

**ကျေးဇူးဆပ်ပါမည်**
ကျွန်တော် မောင်နေမင်းကျော်၏ နိုင်ငံကူးလက်မှတ် (passport M-644861)သည် ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးရန်။
**ဖုန်း-၀၉-၅၁၈၀၃၂၉၊ ၀၉-၅၄၁၃၉၃၀**

**ဖခင်အမည်မှန်**
မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊ အထက(၄)အဋ္ဌမတန်း(က)မှ မစောစောဦး၏ ဖခင်အမည်မှန်မှာ ဦးမြင့်နိုင်၉/ဝတန(နိုင်)၁၁၄၉၂၈ ဖြစ်ပါသည်။
**ဦးမြင့်နိုင်**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ အနောက်မြို့ပတ်လမ်း၊ ရွှေတောင်ရပ်၊ အမှတ် ၇/၁၇ နေ ဦးခင်မောင်ဝင်း-ဒေါ်ခင်မြမြတို့၏ သမီးဖြစ်သူ နန်းယိင်းယိင်းဝင်း ၁၃/တကန(နိုင်)၁၃၄၃၈၁ သည် မိဘဆိုဆုံးမခြင်းကို နားမထောင်ဘဲ မိဘဆွေမျိုးများ၏ ဂုဏ်သိက္ခာကျဆင်းစေမည့် လုပ်ရပ်များ လုပ်ဆောင်ခဲ့သဖြင့် နန်းယိင်းယိင်းဝင်းအား ၁၆-၇-၂၀၁၁ရက်မှစပြီး သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ဆွေမျိုးများနှင့် လုံးဝပတ်သက်ခြင်းမရှိကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးခင်မောင်ဝင်း-ဒေါ်ခင်မြမြ**

တစ်ခါတလေတော့လည်း
ငိုက်စိုက်ငိုက်စိုက်နဲ့ ရှေ့ကိုရောက်သွားလိုက်
တစ်ခါတလေကျပြန်တော့လည်း
ယိုင်ထိုးယိုင်ထိုးနဲ့ ဘေးကိုရောက်သွားလိုက်
တချို့အချိန်တွေကျတော့လည်း
ကော့လန်ကော့လန်ဖြစ်ပြီး နောက်ကိုရောက်သွားလိုက်
လမ်းလျှောက်သင်ခါစ ဆိုတော့လည်း
ခြေလှမ်းတွေက
မခိုင်မာနိုင်သေးဘူးလေ
ကျွန်တော့်ရဲ့ နွေဦးသက်တံ့ ဟာလည်း
နွေဦးမှာပေါ်ထွက်လာတဲ့ သက်တံ့ဆိုတော့
အရောင်လေးတွေ မှိန်ဖျော့နေမှာ သေချာပါတယ်
ဒါပေမယ့်
သက်တံ့ကတော့ သက်တံ့ပါပဲ။

**(မင်းအုပ်စိုး၏ နွေဦးသက်တံ့စာအုပ် ထွက်ရှိနေပါပြီ)**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အေးသာယာမြို့၊ အမှတ် ၆၀/၁၂ ထုံးဖိုနေ(ဦးခင်မောင်ဝင်း)-ဒေါ်တင်တင်ဝေ၁၃/တကန(နိုင်)၁၂၁၂၀၆(ပြည်နယ်ဆည်မြောင်းဦးစီးဌာန)တို့၏ သားဖြစ်သူ ဘေသားခန်း(ခ)မောင်စိုင်းအောင်သီဟ ၁၃/တကန(နိုင်)၂၈၅၄၇၇ သည် မိဘနှင့်အမများအပေါ်ရိုင်းပျခြင်း၊ စိတ်ဆင်းရဲအောင်၊ ဂုဏ်သိက္ခာညှိုးနွမ်းအောင် အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့် ၁၃-၇-၂၀၁၁ရက်မှစ၍ ၎င်းအား သားအဖြစ်မှသော်လည်းကောင်း၊ မောင်အဖြစ်မှသော်လည်းကောင်း အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

**ဒေါ်တင်တင်ဝေ**

## တောင်တွင်းကြီးမြို့နယ်တွင် ကျေးလက်ကျောက်ချောခင်း

**တောင်တွင်းကြီး ဇူလိုင် ၁၆**

တောင်တွင်းကြီးမြို့နယ်တွင် တောစိမ်း-ရွာသစ် ကျေးလက်မြေသားလမ်းမှ ကျောက်ချောခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးအောင်ကိုလတ်၊ ဦးစိုးမင်းထွန်းတို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

## မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်း
### အသင်းဝင်များ၏ တက္ကသိုလ်ဝင်တန်း(၂၀၁၀-၂၀၁၁) ပညာသင်နှစ် ဘာသာစုံ(ခြောက်ဘာသာဂုဏ်ထူး)ရ သား/သမီးများအား ဂုဏ်ပြုပွဲပြုလုပ်မည်

**နေ့ရက်** - ၂၃-၇-၂၀၁၁ရက် (စနေနေ့)
**အချိန်** - နံနက် ၉နာရီ
**နေရာ** - အသင်းခန်းမဆောင်
အမှတ်(၅၈၂/က)၊ သံသုမာလမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်း၏ ၂၀၁၁၊ နှစ်လယ်(နှစ်ဝက်)အစည်းအဝေးတွင် အထက်ပါအစီအစဉ်ကို ထည့်သွင်းကျင်းပမည်ဖြစ်ပါသဖြင့် ဒေါက်တာခင်ဇော်၊ ဥက္ကဋ္ဌ(လူမှုရေးဆပ်ကော်မတီ) ဖုန်း-၀၉-၅၀၁၃၉၈၇၊ ဒေါက်တာခင်မောင်လေး၊ အတွင်းရေးမှူး(လူမှုရေးဆပ်ကော်မတီ) ဖုန်း-၀၉-၅၁၁၅၆၃၆ထံသို့ ၂၁-၇-၂၀၁၁ရက်အမီ အကြောင်းကြားဆက်သွယ်ကြပါရန် နိုးဆော်အပ်ပါသည်။

**ပြန်ကြားရေးဆပ်ကော်မတီ**
**မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်း**

## သွားဘက်ဆိုင်ရာဆရာဝန်အသင်း နှစ်ပတ်လည်စည်းဝေးမည်

**ရန်ကုန် ဇူလိုင် ၁၆**

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်း၏ နှစ်လည်နှစ်ဝက်အစည်းအဝေးကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီတွင် အသင်း တည်ရှိရာ အမှတ် ၅၈၂/က သံသုမာလမ်း သဃ်န်းကျွန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အစည်းအဝေး တွင် ၂၀၁၀-၂၀၁၁ တက္ကသိုလ်ဝင်တန်း၌ ခြောက်ဘာသာဂုဏ်ထူးရအသင်းဝင်များ၏ သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း၊ ပြခန်းများဖွင့်လှစ်ပြသရောင်းချခြင်း၊ ပညာရပ်ဆိုင်ရာဟောပြောပွဲများ ကျင်းပခြင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းခွဲများမှ ကိုယ်စားလှယ်များ အစည်းအဝေး ကျင်းပခြင်းနှင့် ဇူလိုင် ၂၄ ရက်တွင် ဂေါက်သီးနှင့် ဘိုးလင်းအားကစားပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။

ဇူလိုင် ၂၃ရက် နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ ပြုလုပ်မည့် ပညာရပ်ဆိုင်ရာဟောပြောပွဲတွင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခ ဒေါ်ဆန်းဆန်းဝင်း၊ ပါမောက္ခဌာနမှူး၊ ကလေးသွားကျန်းမာရေးနှင့် သွားညှိကုပညာဌာနနှင့် ပါမောက္ခဒေါ်ဆွေဆွေဝင်း၊ ပါမောက္ခဌာနမှူး မေးရိုးနှင့်ခံတွင်းဆေးပညာဌာနတို့က ဟောပြောပို့ချမည်ဖြစ်ကြောင်း သိရှိရသည်။ **(သွားဘက်ဆိုင်ရာဆရာဝန်အသင်း)**

## ထူးချွန်ကျောင်းသားများအား တောင်ကုတ်၌ ဂုဏ်ပြုဆုချီးမြှင့်

**တောင်ကုတ် ဇူလိုင် ၁၆**

တောင်ကုတ်မြို့နယ် ရွာမကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဇွန် ၂၂ ရက် မွန်းတည့် ၁၂ နာရီက ရွာမအထက အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆုများချီးမြှင့်**

အခမ်းအနားတွင် သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦးတို့အား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းဝေ၊ ရွာမရဲစခန်းမှူး ရဲအုပ်စိုးဝင်းမြင့် နှင့် ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်တို့က ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်းသိရသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

# ပခုက္ကူ ရှင်မတောင်သနပ်ခါး ကလေးမြို့၌ ဖြစ်ထွန်းအောင်မြင်

ပခုက္ကူ ဇူလိုင် ၁၆

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
ကလေး-ဝင်းသူ

**ကလေးမြို့ နတ်ချောင်းရွာအထက်တန်းကျောင်းတွင် စာအုပ်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲရှိသဖြင့် စာရေးသူ နတ်ချောင်းရွာဆီသို့ ရောက်ခဲ့သည်။ နတ်ချောင်းရွာသို့ရောက်သွားချိန်၌ အချိန်စောသဖြင့် နတ်ချောင်းရွာ တိုက်နယ်ဆေးရုံ နောက်ကျောဘက်၌နေသည့် မိတ်ဆွေဖြစ်သူ ဦးမောင်မောင်-ဒေါ်ခင်ရင်တို့၏ "ခိုင်ပန်းစုံ ရွှေနှံ့သာဥယျာဉ်"အတွင်း ခေတ္တဝင်ရောက်ခဲ့သည်။ ခိုင်ပန်းစုံ ရွှေနှံ့သာဥယျာဉ်မှာ နတ်ချောင်းရွာ အနောက်ပိုင်းတွင်ရှိသည်။**

ထိုဥယျာဉ်အတွင်း မမျှော်လင့်ဘဲ တွေ့လိုက်ရသည့် စိုက်ပျိုးပင်များသည်ကား ပခုက္ကူ ရှင်မတောင်သနပ်ခါးပင်များဖြစ်နေကြခြင်းပင်။ ထိုလယ်မြေနေရာတွင် မြေသားများကို စနစ်တကျ ရေသွင်းထွန်ယက်ပြီး ပခုက္ကူ ရှင်မတောင်သနပ်ခါးပင်ပေါင်း ၄၀၀၀ ကျော်ကို စနစ်တကျ အကွက်ချ၍ စိုက်ပျိုးထားခြင်း ဖြစ်သည်။

ကလေးမြို့နယ် နတ်ချောင်းကျေးရွာတွင် အောင်မြင်ဖြစ်ထွန်းနေသော ပခုက္ကူ ရှင်မတောင် သနပ်ခါးပင်များကို ဤသို့ အစီအရီ တွေ့ရသည်။

### ဖြစ်ထွန်းအောင်မြင်

"ဒီအပင်တွေက သက်တမ်းဘယ်လောက်ရှိပြီလဲ" ပေါင်လုံးခန့်၊ ခြေသလုံးခန့် အရွယ်ရောက်နေသော သနပ်ခါးပင်များကို လက်ညှိုးထိုးပြရင်း စာရေးသူက မေးလိုက်ရာ ဦးမောင်မောင်က "ဟာ ဆရာ ခြောက်နှစ်သားတွေရှိပြီ"။ "ဟာ ဖြစ်ထွန်းလှပါလား၊ ကျွန်တော်မနှစ်က ပုဂံ-ပုပ္ပားက အပြန် ရေစကြိုထမင်းဆိုင်ဝင်စားတော့ သနပ်ခါးပင်တွေတွေ့ခဲ့ရတယ်။ မေးကြည့်တော့ ၁၀ နှစ်သားရှိပြီတဲ့၊ အပင်တွေက ခင်ဗျားအပင်တွေလောက်ပဲ" ဟု ပြောပြရာ ကိုမောင်မောင်က "ဟုတ်တယ် ပခုက္ကူဘက်ကလာတဲ့လူတွေလဲ ဒီသနပ်ခါးပင်တွေကို ကြည့်ပြီး ဖြစ်ထွန်းအောင်မြင်တယ်။

စာမျက်နှာ ၅ ကော်လံ ၁ ■

ဂျပန် အမျိုးသမီးအသင်းအတွက် အနိုင်ဂိုးများ သွင်းပေးမည့် ကွင်းလယ်ကစားသမား ကာဝါဆူမီ။

အမေရိကန် အမျိုးသမီးဘောလုံးအသင်းအတွက် အပိုင်ကန်သွင်းဂိုးများကို ဖမ်းယူပေးနိုင်ခဲ့တဲ့ ဂိုးသမား ဆိုလို။

# အမျိုးသမီး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ

## ဂျပန်အမျိုးသမီးအသင်း အာရှဂုဏ်ဆောင်နိုင်မည်လား

မြင့်မောင်စိုး ➤ ရေးသားသည်

*ဘာလင် ဇူလိုင် ၁၆*

*ယခုရက်ပိုင်းအတွင်း ဘောလုံးပရိသတ်များ စိတ်ဝင်စားမှုအရှိဆုံး ပြိုင်ပွဲကတော့ ဂျာမနီနိုင်ငံမှာ ကျင်းပနေတဲ့ အမျိုးသမီးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲပဲ ဖြစ်ပါတယ်။*

### ဗိုလ်လုပွဲ

*ယခုဆိုရင် ပွဲမစမီက ဗိုလ်စွဲမယ်လို့ ရေပန်းစားခဲ့တဲ့ အိမ်ရှင်ဂျာမနီအသင်းနဲ့ ဘရာဇီးအသင်းတို့ဟာ ပြိုင်ပွဲမှ ထွက်ခဲ့ရပါပြီ။ ဗိုလ်လုပွဲသို့ နောက်ဆုံးတက်လာတဲ့ အသင်းနှစ်သင်းကတော့ အာရှသူဂျပန် အမျိုးသမီးအသင်းနဲ့ အမေရိကန် အမျိုးသမီးအသင်းတို့ပဲ ဖြစ်ပါတယ်။*

စာမျက်နှာ ၇ ကော်လံ ၅ ●